ရသစာစဉ် ၅



# အောင်စိုး

## သစ်လုတော နှင့် အခြားဝတ္ထုတိုများ

ရှေးလူကြီးသူမများသည်

သူတို့ မမြင်နိုင်သော မြေး၊ မြစ်၊ တီ၊ တွတ် (ဝါ) နောင်လာ နောက်သားများ

အပေါ်တွင် အလွန်စေတနာ ရှိကြသည်။

သူတို့ တစ်သက်တွင် ဘယ်နည်းနှင့်မှ မစားသုံးနိုင်မှန်း သိပါလျက်

ဥယျာဉ်ကိုလည်း ပြုစုခဲ့ကြသည်။

ပန်းပင်ကိုလည်း စိုက်ခဲ့ကြသည်။

သရက်၊ ဝိန္ဒု၊ မာလကာတို့လည်း စိုက်ခဲ့ပျိုးခဲ့ကြသည်။

မန်ကျည်း၊ အုန်း စသည်တို့ကိုလည်း စိုက်ခဲ့ကြသည်။

ဤ သစ်လုတောကိုလည်း အသားကို သုံးလိုသော် သုံးစေ

အပွင့်ကိုမူ မြင်သူ မှန်သမျှ ကြည်နူး ကြရသည့်ပြင်

ဘုရားပန်းလည်းကပ် ပန်းလိုလည်းပန်

ရပ်ရွာဒေသမှာလည်း တောအုပ် ကောင်းကောင်း ရှိစကောင်းသည် ဟူသော

စေတနာဖြင့် ရှေးလူကြီးသူမများပင် စိုက်ခဲ့ပျိုးခဲ့ရမည်ဟု

တထစ်ချ ဆုံးဖြတ်လိုက်မိသည်။

ထိုသို့ အတွေးလွန်နေစဉ် သစ်လုတောကို ဖြတ်သန်း၍

လေညင်း ညှံ့ညှံ့ အေးအေးလေး တိုက်လာလေသည်။

အင်ကြင်းပန်းနုများကလည်း ဝို၍ မွှေးကြိုင် ကြိုင်လှိုင်လာသည်။

လူလည်း ခပ်ယစ်ယစ် ဖြစ်လာပြီး တမေ့ အိပ်ပျော် သွားမိလေတော့သည်။

အောင်ဝိုး

(သစ်လုတော မှ......)

ရသစာစဉ် (၅)

စာအုပ်မှတ်တမ်း

the key collection ပထမအကြိမ် ဒီဇင်ဘာ ၂၀၁၆

ထုတ်ဝေသူ the key collection (၀၀၀၉၅)

ပုံနှိပ်သူ ရွှေပြည့်မွေး (၀၀၁၅၂)

အုပ်ရေ ၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

စာအုပ်ချုပ် ကိုမြင့်

မျက်နှာဖုံး ပန်းချီ မုတ်သုံ

book designed by no comment

the key collection ၈၉၅.၈

သစ်လှတောနှင့် အခြားဝတ္ထုတိုများ / အောင်စိုး

- - ရန်ကုန်၊ the key collection ၂၀၁၆၊

၇၂ စာ၊ ၁၃ x ၂၁ စင်တီမီတာ၊

၁။ သစ်လှတောနှင့် အခြားဝတ္ထုတိုများ

(၁) တိုင်းကျော်

(၂) လှည်းယဉ်ကြော့ကြော့

(၃) သစ်လှတော

# သစ်လှေတော

နှင့်

အခြားဝတ္ထုတိုများ

အောင်စိုး

ခေါင်းစဉ်အညွှန်း


| | |
|---|---|
| စကားလက်ဆောင် | ၉ |
| တိုင်းကျော် | ၁၃ |
| လှည်းယဉ်ကြော့ကြော့ | ၂၉ |
| သစ်လှတော | ၅၁ |

## စကားလက်ဆောင်

ရသစာစဥ်သည် the key collection ၏ ဒုတိယ ကြိုးပမ်းမှု တစ်ရပ်ဟု ဆိုပါရစေ။ ထုတ်ဝေသူတစ်ဦး၏ တစ်ပိုင်တစ်နိုင် ကြိုးပမ်းမှုမျှသာ။ လူငယ် စာဖတ်သူများ ရသ စာကောင်းပေမွန်များ အထူးသဖြင့် ဝတ္ထုတိုကောင်း ကောင်း အလွယ်တကူ ဖတ်ရှုနိုင်ရန် ရည်ရွယ်လျက် စီစဥ်လိုက်ခြင်း ဖြစ်ပါသည်။

အင်္ဂလိပ် စာရေးဆရာကြီး တောမာစ် ဒီ ကွင်စီ က စာပေကို အသိပညာပေးစာပေ (သုတစာပေ)နှင့် စေတနာ လှုံ့ဆော်မှုစာပေ (ရသစာပေ)ဟု နှစ်မျိုးနှစ်စား ခွဲခြား မိန့်ဆိုခဲ့သည်။ ဝတ္ထု ကဗျာ ပြဇာတ် စာပေအမျိုးအစားများသည် ရသစာပေတွင် ပါဝင်၍ ရသစာပေသည် လူမျိုး တစ်မျိုး နိုင်ငံ တစ်နိုင်ငံ၏ စရိုက်လက္ခဏာနှင့် စေတနာကို ဖော်ကျူးလေ့ ရှိသည်ဟု ဆိုကြပါသည်။ သို့ကြောင့် ရသ စာကောင်းပေမွန်များ ဖွံ့ဖြိုးရေးသည် စာပေ ဖွံ့ဖြိုးရေးအတွက် အရေးပါလှပါသည်။

သုတစာပေသာ ဖွံ့ဖြိုး၍ ရသစာပေ ချို့တဲ့သော လူမျိုး တစ်မျိုး နိုင်ငံ တစ်နိုင်ငံသည် ရေရှည်တွင် ပညာပြည့်ဝ နှလုံးလှသည့် လူမျိုး သို့မဟုတ် နိုင်ငံ တစ်နိုင်ငံအဖြစ် မရပ်တည်နိုင်ပါ။ သုတ မျှသာ၍ ဖွံ့ဖြိုးရန် လိုအပ်လှပါသည်။

မျက်မှောက် မြန်မာ စာပေလောကတွင် ရသစာပေ ဖန်တီးသူ မျိုးဆက် အားနည်းနေသည်ဟု ဆိုကြပါသည်။ အမှန်မှာ ရသ စာကောင်းပေမွန် ဖန်တီးသူ မျိုးဆက်ထက် သာမက ရသ စာကောင်းပေမွန်ဖတ်သူ မျိုးဆက်လည်း အားရစရာ မကောင်းလှပါ။ မလွဲမသွေ လက်ခံရမည့် အချက်တစ်ချက်မှာ ရသ စာကောင်းပေမွန်များ ဖွံ့ဖြိုးရန် ရေးသူရော ဖတ်သူပါ အားကောင်းရန် အရေးကြီးလှပါ၏။

သို့အတွက် ထုတ်ဝေသူတစ်ဦး အနေဖြင့် ရသစာပေ ဖွံ့ဖြိုးရေးအတွက် **the key collection** သည် တတ်စွမ်းနိုင်သရွေ့ ကြိုးပမ်းကြည့်လိုသော ဆန္ဒမွန်ဖြင့် ရသစာစဉ်ကို စီစဉ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါကြောင်း စကားလက်ဆောင် ပါးပါရစေ။

**the key collection**

တိုင်းကျော်

## တိုင်းကျော်

စာတတ်ပေတတ် အကြင်သူမြတ် တစ်ဦးသည် တိုင်းကျော်၏ ဘဝကို "ခြေသလုံးအိမ်တိုင်" ဟု သမုတ်ငြားအံ့။ တိုင်းကျော်က ထိုဂုဏ်ထူးကို ရာသက်ပန် ရိုးမြေကျ ရင်ဝယ်ပိုက်လိမ့်မည်။

ထိုထက်ပို၍ ပညာရှိသူက သူ့အား "ဆန်ကုန်မြေလေး" ဟု ဘွဲ့ပေးလာမည်ဆိုလျှင် တိုင်းကျော်က ယုယမြတ်နိုးစွာ ပန်ဆင်ဦးမည်။

ခြေဦးတည့်ရာ လျှောက်၍ သွားခြင်းသည် တိုင်းကျော်၏ အလုပ်အကိုင် ဖြစ်၏။ လမ်းဘေးရှိ တစ်နေရာရာသည် တိုင်းကျော်၏ အိပ်ရာဖြစ်၏။ အစားနှင့် ပါးစပ်တို့ မရှောင်သာ၍ မတော်တဆ ညားမိခြင်းသည် တိုင်းကျော်၏ အာဟာရ ဖြစ်၏။ သို့သော် တိုင်းကျော်သည် အခါခပ်သိမ်း ကြောင့်ကြ ကင်းရှင်းစွာ ချမ်းသာ သုခ ပီတိ သောမနဿကလေးကို ပုဆိုးစနှင့် ခါးရိုးကြားမှာ ညှပ်၍ ထားနိုင်ခဲ့လေသည်။

တိုင်းကျော်၏ ယူဆ ယုံကြည်ချက်ဝယ် ဘဝခရီးဆိုသည်မှာ ဧရာဝတီမြစ်ကြီး တစ်မျိုးပင် ဖြစ်လေသည်။ ဒီမြစ်ကြီးကို မောင်တိုင်းကျော် စုန်လည်း စုန်ခဲ့ဖူးပြီ။ ဆန်လည်း ဆန်ခဲ့ဖူးပြီ။ ရေတိမ်လည်း တွေ့ရ၏။ ရေနက်မှာလည်း နစ်ခဲ့ဖူး၏။ လောင်းလှေလေးနှင့်လည်း ကူးခတ်ဖူးသည်။ သင်္ဘော ပထမခန်းမှာ စီး၍လည်း စံစားဖူးပါ၏။ ဝဲဂယက်မှာလည်း ချာချာလည်ခဲ့ဖူး၏။ သို့သော် နောက်ဆုံးတွင် လှိုင်း၊ လေ၊ မုန်တိုင်းတို့ ပုတ်ခတ်၍ အတောမသတ် လွင့်မျောလာခဲ့ပြီး ရန်ကုန်မှာ သောင်တင်နေလေတော့သည်။ တိုင်းကျော်သည် ဘဝခရီးဟူသော မြစ်ကြီးကို စုန်ရင်း၊ ဆန်ရင်း၊ နစ်ရင်း၊ ပေါ်ရင်းနှင့် ၃၀ ကျော် မျှသော နှစ်ကာလ အတောအတွင်းဝယ် လူပေါင်းစုံကို မြည်းကြည့်ဖူးလေပြီ။ လူလိမ်၊ လူကောက်၊ လူဖြောင့်၊ လူတော်၊

. . . . . . . . . . . . .

မြဝတီ မေ ၁၉၅၀

လူပျင်း၊ လူပေါ့၊ လူပေါင်းစုံတို့ကို မြည်းကြည့်ပြီးနောက် လူ့လောကအတွင်းမှ ဥပဒေသ တစ်ခုကို ရမိ၏။ ရွှေရှိသော ဘုရားမှ လူရှိသေကြသတည်း။

တိုင်းကျော်၏ ဝတ်စားတန်ဆာကို စာဖွဲ့မည်ဆိုလျှင် စုတ်ပြတ် ညစ် ပေသည်ဟူသော စာလုံးထက်ပို၍ ဖွဲ့နွဲ့ရန်မရှိ။ ညှိုးနွမ်းခြင်း၊ အေးစက် ခြင်းတို့သည် တိုင်းကျော်နှင့် မကွဲမကွာ ရှိနေကြသော အမှုအရာများ ဖြစ် လေသည်။ အဓိပ္ပာယ်မရှိ ရောက်ရာပေါက်ရာ လျှောက်သွားချင်လည်း သွား တတ်သည်။ လွတ်လပ်ရေးကို တိုင်းကျော်မှသာ ပိုင်ဆိုင်သည်။ တိုင်းကျော် ပိုင်ဆိုင်သော လွတ်လပ်ရေးမှ တကယ့် လွတ်လပ်ရေး အစစ်။

၂ ရက် ၃ ရက်လောက် ထမင်းမစားခြင်းမှာမူ သူ့အဖို့ ရိုးနေပေပြီ။ ခံ နိုင်ရည် ရှိနေလေပြီ။ ထမင်းနပ် မမှန်ခြင်းသည် သူ့အဖို့ ဒုက္ခ မဟုတ်။ ဖြစ် ရိုးဖြစ်စဉ်သာ ဖြစ်၏။ အင်း. . . လူလိမ် လူကောက်တွေ၏ ဒဏ်ကို ပြန်လှန် သတိရလိုက်လျှင် ထမင်း မစားရခြင်းမှာ အယားဖျောက်သလောက်သာ ရှိ ပါကလား။

တစ်ခါတစ်ခါတော့ အဖေနှင့် အမေကို သတိရမိသည်။ အဖေသည် ညစ်ပတ်စုတ်ပဲ့သူများက ပညာရှိ နှိပ်စက်ခြင်း ခံရသဖြင့် သက်ဆိုးမရှည်၊ ငယ်ငယ်နှင့် သေရ၏။ အမေမှာလည်း တိုင်းကျော်ကို လူလားမြောက်အောင် ပြုစုရင်း ဆင်းရဲ မွဲတေပြီး သေရသည်။ အသေဆိုးသော အဖေနှင့် အမေကို သတိရမိသောအခါ ထမင်းမစားရခြင်းမှာ အယားဖျောက်သလောက်သာ ရှိ ပါကလား။

သို့သော် တိုင်းကျော်သည် တိုင်းကျော်မျှသာ ဖြစ်၍ ဘာကောင်မှ မဟုတ်။ လောက၏ တရားမှု၊ မတရားမှုတို့ကို သူ မတွန်းလှန်နိုင်ရှာ။ သူ့ မှာ ဘာမှလဲ မရှိ။ ရှိဖို့လည်း မလို။ လူ့ပြည်မှာ အသက်နှင့် ကိုယ်နှင့် မြဲနေ ဖို့သာ လိုသည်။ ယနေ့ထိ အသက်နှင့် ကိုယ်နှင့် မြဲနေအောင် ဒုက္ခအပေါင်းကို ကျော်နင်းလာနိုင်ခဲ့ခြင်းအတွက် တိုင်းကျော်အား ချီးကျူးရပေသည်။ ချီးလည်း ချီးကျူးစရာပါကလား။

အမှန်ကတော့ ချီးကျူးဖို့ မရှိလှပါ။ သူသည် ဒုက္ခအပေါင်းကို ကျော် နင်းလာခဲ့သည်ဟု မဆိုသာပါ။ ကျရောက်သမျှ ဘေးဒဏ်တို့ကို အလိုက်သင့် ခေါင်းလျှိုကာ ငုံ့၍ ခံခဲ့ခြင်းသာ ဖြစ်ပါသည်။ တုံးအောက်က ဖားကလေးလို အမြဲတမ်း ပြားပြားကလေး နေနိုင်ခဲ့သဖြင့် ကနေ့ လူ့ပြည်မှာ တိုင်းကျော်ကို တွေ့နေရခြင်း ဖြစ်လေတော့သည်။

တိုင်းကျော်တစ်ယောက် လူတို့ တိုင်းပြည်သို့ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်၊ ဘယ်အချိန်တွင် ဘယ်နက္ခတ်နှင့် ယှဉ်၍ ရောက်လာသည်ကိုမူ ပုရောဟိတ် ဆရာကြီးများ၏ မှတ်တမ်းတင် မခံရလေသောကြောင့် မသိရှိနိုင်ပါ။ သို့သော် လွန်ခဲ့သော တစ်နှစ်ကျော်လောက်က စတင်၍ ရန်ကုန်မြေကို နင်းလာခဲ့ကြောင်းကား ကျွန်တော် တထစ်ချ ပြောရဲပေသည်။

အကြောင်းမူ ထိုတစ်နှစ်ကျော်လောက်က စ၍ ကျွန်တော်တို့ အိမ်နံဘေးရှိ ပလက်ဖောင်း ထောင့်ကွယ်သည် တိုင်းကျော်၏ ဘုံရိပ်သာ၊ တိုင်းကျော်၏ အိုးအိမ်၊ တိုင်းကျော်၏ ဝပ်ကျင်း ဖြစ်ခဲ့သောကြောင့်ပေတည်း။

ကျွန်တော် စတင်၍ သတိထားမိစဉ်က နေ့ခင်းဘက်မှာဆိုလျှင် တိုင်းကျော်တစ်ယောက် ပျောက်၍ ပျောက်၍ သွားလေ့ရှိသည်။ ညဘက် ညဘက် ရောက်မှ သူ့ဝပ်ကျင်းသို့ ပြန်လာတတ်သည်။ စုတ်ပြတ် ညစ်နွမ်းသော အဝတ်အစားနှင့် မောဟိုက်ကုန်ခန်းသော အမူအရာကို အမြဲ မြင်တွေ့ရသည်။ စိတ်ကူးရသည့်အခါ သူ့လက်ထဲသို့ ပိုက်ဆံ တစ်မတ်၊ ငါးမူးလောက် ထည့်ပေးလိုက်မိ၏။ ထိုအခါ ကျွန်တော့်အား တစ်မတ်၊ ငါးမူးဖိုးမက ကြာအောင် စိုက်ကြည့်ပြီး "ကျေးဇူးတင်သဗျာ" ဟု လေးတွဲ့တွဲ့ကြီး ပြောတတ်လေသည်။

တစ်ခါသော် ကျွန်တော်တို့ ရပ်ကွက်အနီးဝယ် တစ်ဦးသော ဂုဏ်ရှိ၊ ပါဝါရှိ၊ မျက်နှာရှိ အကုန်ရှိသော သူဌေးကြီးတစ်ဦးက အပြောကျယ်လှသော မဏ္ဍပ်ကြီးတစ်ခု ထိုး၍ လာသမျှ အယုတ် အလတ် အမြတ်မရွေး စတုဒိသာကြီး တစ်ခု ကျွေးလေသည်။ စတုဒိသာဟူသည် ဘာမျှမရှိသော တိုင်းကျော်တို့လို လမ်းဘေးနေ သတ္တဝါများအတွက် နတ်ရေကန်ကြီး ဖြစ်လေသတည်း။

သို့သော် ငေါ်ခြင်းဖြင့် အရင်းတည်၍ လူ့ပြည်တစ်ရိုးကို ဒိုးယိုပေါက် လျှောက်ခဲ့သော တိုင်းကျော်က စတုဒိသာဖြစ်ဖြစ် အလှူဖြစ်ဖြစ် သူတို့လို မရှိဆင်းရဲသားများကို ကျွေးမွေး လှူဒါန်းခြင်းသည် စေတနာ သက်သက်ဖြင့် လုပ်လေ့လုပ်ထ မရှိဘဲ ဘာကြောင့်၊ ညာကြောင့်၊ ဘာလိုလို၊ ညာလိုလို ဟူသော နောက်ကွယ် ရည်ရွယ်ချက်များ ခပ်များများ ရှိတတ်ကြောင်း အတပ်သိနေပေပြီ။

မည်သို့ဖြစ်စေ သတ္တဝါတစ်ကောင်မျှသာ ဖြစ်ရာသော တိုင်းကျော်မှာ အစာတွေ့လျှင် စားရမည်၊ အိပ်ချိန်ရောက်လျှင် အိပ်ရမည် ဟူသော သတ္တဝါ၏ အသိလေးတစ်ခု ရှိနေသေးရကား အချိန်နှောင့်နှေးမနေဘဲ နံနက်စာ စားရန် စတုဒိသာဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခွာလာခဲ့လေတော့သည်။

မဏ္ဍပ်ကြီး အတွင်း၌ တိုင်းကျော်တို့လို လမ်းဘေးနေ မင်းပရိသတ် ဖြင့် ပြည့်ကျပ်လျက် ရှိလေသည်။ သူသည် ဘဝတူများ၏ အကြားသို့ ဝင် ရောက် ထိုင်လိုက်၏။ ရွှေပွဲလာ သူတောင်းစားများ၊ ကုလားအကျိုးအပဲ့များ ဘိန်းစားမင်းကြားကြီးများတို့သည် 'ဖျာကြမ်း' နေရာမြတ်ပေါ်ဝယ် ဒန် ပန်းကန်ထဲသို့ ထည့်လာသော ဒန်ပေါက်မမည်၊ ခွေးစာမက စကောစက အမြိန်အရသာတို့ကို ခြေကန်၍ လွေးနေကြလေသတည်း။

တိုင်းကျော်ရှေ့က ဒန်ပန်းကန်ထဲသို့ ဆန်လုံးညိုထမင်း ကျလာ၏။ နောက် ပဲဖတ်၊ အာလူးဖတ်၊ အမဲသား၊ ကြက်ရိုး၊ ဝက်ခေါက် စသည်ဖြင့် အမယ်စုံလင်လှ အနံ့စုံလင်လှသော ဟင်းလျာလည်း တစ်ပြိုင်ထဲလို ကျလာ လေသည်။ အငွေ့က တထောင်းထောင်း၊ စားလို့တော့ အကောင်းသား။

ဆာနေသော တိုင်းကျော်သည် ဗိုက်ရိုက် သွတ်လေတော့သည်။ ထမင်းရော၊ ဟင်းရော၊ တစ်ပန်းကန်ပြီး တစ်ပန်းကန် ကုန်သွား၏။ ၃–၄ ပန်းကန် ကုန်သောအခါ အိုးသူကြီး ဖြစ်ဟန်တူသူက တိုင်းကျော်ကို အလုံး အရပ် ရှိသဖြင့် သူ့ကို မြင်လိုက်လျှင်ပင် တိုင်းကျော်ခမျာ ပုဝင်သွားလေ သည်။ အဆာလည်း မပြေသေးသဖြင့် မရဲတရဲ စားနေရလေသည်။

အိုးသူကြီး၏ အသားကား မီးသွေးကဲ့သို့ မည်းသည့်အပြင် ဝက်ဆီများ ပေကျံနေသဖြင့် ဝင်းလက် ချောပြောင်၍ နေသေးသည်။ မောက်သော နဖူး၊ ပြဲဟသော ပါးစပ်၊ ကျဉ်းမြောင်း စူးရှလှသော မျက်ပေါက် မျက်လုံးများ၊ ကျွဲလို ကြွံခိုင်သော ကိုယ်လုံးကြီးများဖြင့် သခင်အားရ ကျွန်ပါးဝမည့် သူမျိုးဖြစ်ကြောင်း တိုင်းကျော် မြင်ရုံနှင့် သိလိုက်ပေသည်။ သူ့ကို အာရုံ ထားနေရ၍ ဝလုလု အရှိတွင် မပြီးချင်ပြီးကာ ရေတစ်ခွက်သောက်၍ ဝပ် ကျင်း ရှိရာသို့ ပြန်လာခဲ့ရလေတော့သည်။

ထိုနေ့ နေခပ်မြင့်မြင့် အချိန်လောက်ကစပြီး ညနေ နေစောင်းသည့် တိုင် တိုင်းကျော်တစ်ယောက် သူ့နေရာကလေးဝယ် နံရံကို ခြေကန်ရင်း နေကုန်နေခန်း အိပ်နေသည်ကို တွေ့ရသဖြင့် အစပထမ အကြောင်းရင်း မတွေးမိသော ကျွန်တော့်မှာ အဖြေရှာလို့ မရ။ ပြီးမှ စတုဒိသာက ဗိုက်ရိုက် စားလာမှန်း သတိရကာ မိမိဘာသာ ပြုံးမိရတော့သည်။ ကျွန်တော့်အဖို့ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် သင်တန်းစာမေးပွဲကို ဖြေဆိုရတော့မည် ဖြစ်သောကြောင့် ဘယ်မှ မသွားအားဘဲ နေ့ရော ညပါ စာကျက်နေရလေပြီ။ ထို့ကြောင့် ဦးတိုင်းကျော်ကြီးအား မျက်ချေမပြတ် မြင်နေရခြင်း ဖြစ်ပေ

သည်။ ညနေဘက် အိပ်ရာမှ နိုးအလာတွင် မျက်နှာသစ်လေ့ မရှိသော တိုင်းကျော်သည် လူးလဲ၍ ထ၏။ လုံချည်ဝတ်လွှာ အဖိုးတန် ရတနာကို ဖုတ်ဖက်ခါ၏။ ထို့နောက် ညစာ အလို့ငှာ စတုဒိသာဆီသို့ လှမ်းကြွ ရှာလေသတည်း။

မဏ္ဍပ်တွင်းဝယ် တိုင်းကျော်လို "လူကြီးလူကောင်း" များ အပြည့်အကြပ် ရောက်နှင့်လေပြီ၊ စားနှင့်လေပြီ။ သူတို့ကို မြင်လျှင်ပင် ပို၍ ဆာလာပြီး သူတို့ကြား တိုးဝင်ကာ မနက်ကလို ဖျာစုတ် နေရာမြတ်ပေါ်သို့ ထိုင်လိုက်၏။ သူ့ရှေ့မှ ဒန်ပန်းကန်ထဲသို့ ထမင်းနှင့် ဟင်း ကျအလာကိုစောင့်ရင်း ရွှင်ပျသော နှလုံး၊ ချိုပြုံးသော မျက်နှာဖြင့် ဝဲယာသို့ လှည့်ပတ်ကာ မိတ်ဆွေ သင်္ဂဟများကို နှုတ်ဆက်လိုက်ရသေးသည်။ ဝက်ရိုးတစ်ခုကို အားရပါးရ ကိုက်နေသော တရုတ် ဘိန်းစားကြီး 'အင်ထိုင်'၊ ဆိတ်သားတုံးကြီးကို ကုန်း၍ ဝါးနေသော ကုလား အဖိုးကြီး 'ပဒယား'၊ ဆိုက်ကား မောင်ကြည်၊ ကနေ့ ညနေဘက်မှ တိုင်းကျော် အသိမိတ်ဆွေများနှင့် စုံစုံညီညီ တွေ့ရပေတော့သည်။

ထိုအခိုက် . . .

"ဟော့ကောင် . . . ဘာလာလုပ်ပြန်တာလဲ . . ."

အိုးသူကြီး၏ အသံမာကြီးကြောင့် တိုင်းကျော်မှာ လန့်၍ သွားမိလေသည်။ မော့ကြည့်လိုက်မှ မိမိအား မေးနေကြောင်း တွေ့ရ၍

"ထမင်းစားမလို့ပါ ခင်ဗျာ . . ."

"အံမာ မင်းစားပြီးသား မဟုတ်လား . . ."

"မ မဟုတ်သေးပါဘူး . . . ခုပဲရောက်ပါတယ် . . ."

"ငါ့ကိုများ ညာသေးတယ်၊ မင့်ပန်းကန်ထဲ ငါပဲ ထမင်းတွေ ဟင်းတွေ ထည့်ပေးတဲ့ဟာ . . ."

"ဒါက မနက်ကပါ ခင်ဗျာ . . ."

"အေး တစ်ခါစားပြီးရင် တော်ပြီ . . ."

"ဟင် . . . သူများတွေတော့ မနက်ရော ညပါ . . ."

"သူများကျွေးတာ ကျွေးတာပေါ့ကွ . . ."

"ကျွန်တော်က စတုဒိသာဆိုတော့ ဘယ်လိုစားစား စားနိုင်တယ် ထင်လို့ပါ . . ."

"အံမာ . . . မင်း တယ် လျှာရှည်တဲ့ ကောင်ပါလား၊ မင့်ပြောရတာ

လေကုန်တယ်ဟော့၊ ဒီမယ် စတုဒိသာပေမဲ့ ဒိသာချင်တဲ့လူမှ ဒိသာမယ်၊ ကဲ သိပလား၊ သွားကွာ သွားစမ်း ရှုပ်မနေစမ်းနဲ့. . . "

အိုးသူကြီးသည် ပြောပြောဆိုဆို သူ့ရှေ့မှ ပန်းကန်ကို သိမ်းယူသွား၏။ ဦးတိုင်းကျော် မဟာအရက်တော် ကွဲလေပြီတကား။ ယခုလို အသိတွေနှင့် ဆုံဆည်းချိန်ကျကာမှ အနင်ခံရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ ခေါင်းကိုငုံ့ပြီး ခပ်သုတ်သုတ် ပြန်လာခဲ့ရလေတော့သည်။

ကျွန်ပါးဝသော အိုးသူကြီးကြောင့် တိုင်းကျော်မှာ ဒေါသ မထွက်စဖူး ထွက်ရလေပြီ။ မနက်က စားမိသော ထမင်းအတွက်ပင် ကျေးဇူးမတင်တော့၊ ကျေးဇူးမတင်မိရုံမက "ဒိသာချင်မှ ဒိသာမယ်" ဆိုသော အိုးသူကြီး၏ စကားသံလေးသည် ပိုက်ဆံ ထားစရာမရှိ သူတို့၏ မှုမမှန်သော စေတနာကို ဖော်ပြနေသည်ဟု တိုင်းကျော် ယုံကြည်မိလေသည်။

"ဟာ. . . သူဌေးမင်းကတော့ဗျာ၊ လှူတဲ့ တန်းတဲ့နေရာမှာ ၂ ယောက်မရှိပါဘူး။ နိုင်းကောင်းမယ်သာဆိုရင် ဝေဿန္တရာ လက်သစ်ပါပဲ၊ အံ့မခန်းပါပဲ"

"စတုဒိသာကြီး ကျွေးထားတာဗျာ ၁၂ ရာသီပါပဲ၊ နည်းတဲ့ စရိတ်၊ နည်းတဲ့ စေတနာလား. . . "

"ကုသိုလ်ဒါနနဲ့ ပတ်သက်ရင် ဒီလို သူဌေးမျိုး ကြုံဘူးပေါင်ဗျာ၊ ရှာမှ ရှားပါပဲ" အစရှိသော အရပ်ထဲက ပြောကြ ဆိုကြသည့် စကားသံများကို တိုင်းကျော် ကြားယောင်လာမိလေသည်။ ကြားယောင်မိလျှင်ပင် 'ထွီ' ခနဲ တံတွေးလုည့်၍ ထွေးလိုက်မိ၏။

"ရက်ရောသည်" "ကုသိုလ်ကောင်းမှု ပြုသည်"

"ဘာသာရေး ကိုင်းရှိုင်းသည်" ဟူသော နာမဝိသေသနကို ခုတုံးလုပ်ကာ ထိုပုဂ္ဂိုလ်မျိုးသည် အဘယ်မည်သော လောကီထွက်ရပ် လမ်းသို့ ကြွမြန်းတတ်သည်ကို တိုင်းကျော် မြင်ဖူးပေါင်း များလှလေပြီ။ တိုင်းကျော်သည် လူတွေ၏ ဟန်ဆောင်မှု၊ အပေါ်ယံ ဗန်းပြကောင်းမှု၊ ကောင်းသတင်းကို ငွေနှင့်ဝယ်ပြီး ထိုကောင်းသတင်းကို ခုတုံး လုပ်လိုက်လျှင်. . .

"ဟဲ့ မသာ. . .၊ အလောင်းလုလု မသေချင်ဘူး ထင်တယ်. . . "

စိတ်ထဲတွင် မကျေမနပ် ဖြစ်မိတိုင်း ဒေါတပွပွနှင့် တွေးမိတွေးရာ တွေး၍ တစ်လှမ်းချင်း လှမ်းလာခဲ့ရာမှ လမ်းမ အကူးတွင် ဘတ်စကားတစ်စီးက တိုက်မိမလို ဖြစ်သွားခြင်းကြောင့် အလွန်ယဉ်ကျေး သိမ်မွေ့စွာ

နွတ်ခွန်း ဆက်လိုက်သည့် ဒရိုင်ဘာ၏ အသံ ဖြစ်လေသည်။ တိုင်းကျော်လည်း ရုတ်တရက်ဆိုသော် လန့်သွားပြီးမှ တစ်ဖန် ဒေါသထွက်ထွက်နှင့် လက်သီး ဆုပ် အံကြိတ်ကာ မကျေမချမ်း ကြည့်ရုံသာ ကြည့်နိုင်ပြီး ဆက်လက် လျှောက်၍ လာခဲ့ရ၏။

ဒီလိုနှင့် မှောင်ရီရီကလေးတွင် တိုင်းကျော်တစ်ယောက် ကျွန်တော်တို့ အိမ်နံဘေးရှိ သူ့နေရာ ဝပ်ကျင်းကလေးသို့ ပြန်လည် ရောက်ရှိလာလေ သည်။ ဒေါသ မထွက်စဖူး ထွက်၍ အဖျားတက်သည့်ပမာ တစ်ကိုယ်လုံး လည်း ဆတ်ဆတ်တုန်၍ နေ၏။ ထိုအချိန်တွင် ဘယ်တုန်းကမျှ မဟောင် ခဲ့ဖူးသော ခွေးလေမကလေးက ဆီးထည့်၍ တိုင်းကျော်ကို နှုတ်ဆက်လေ သည်။ တိုင်းကျော်က နီးရာ ခဲတစ်လုံးကို ကောက်၍ ပေါက်သည့်တိုင်အောင် ရုတ်တရက် မပြေး၊ ဟောင်၍ နေသေး၏။ လည်ပင်းကို ဆတ်ခနဲ မှန်အောင် နောက်တစ်ချက် ပေါက်မှ ထွက်ပြေးလေသည်။

ခွေးလေမကလေး ပြေးသွားပြီး ရှေ့ဆင့် နောက်ဆင့်ပင် ကလေး ၃-၄ ယောက် ဝိုင်းလာကာ တိုင်းကျော်ကို အထူးအဆန်း သတ္တဝါသဖွယ် ဝိုင်း၍ ကြည့်ကြပြန်၏။ အမှန်အားဖြင့်မူ တိုင်းကျော်ကို ဒီရပ်ကွက် ဒီနေရာ မြင်ရ၍ ရိုးနေပေပြီ။ ခုတစ်ခါမှ ခွေးနှင့် ကလေးက ဝိုင်း၍ ကြည့်ကြ ဟောင် ကြခြင်းကား တိုင်းကျော် မူပျက်၍ပင် ဖြစ်တန်ရာသည်။ တိုင်းကျော် မူ ပျက်သည်ဟု ဆိုလျှင် ခိုး၍၊ တိုက်၍ လာခြင်းကား မဟုတ်၊ ဒေါသအိုးကွဲ လာခြင်းပင်တည်း။

တိုင်းကျော်ကား စိတ်မရှည်တော့ပါ။

ဟဲ့ ကလေးတွေ သွားသွား. . .၊ ဘာလာလုပ်တာလဲဟု မျက်နှာထား နှင့် ငေါက်ရုံမက ရိုက်မလို၊ ပုတ်မလိုလုပ်ကာမှ ကလေးတွေလည်း ထွက် ပြေးကြလေသည်။ ကလေးတွေ ထွက်ပြေးသွား၍ တုံးလုံး ပက်လက် လှဲ တော့မည် ပြုစဉ် စောစောက ဟောင်လာသော ခွေးလေမကလေးသည် ဘယ် က ဘယ်သို့ တစ်ပတ် ပြန်ကြော့လာသည် မသိ၊ တိုင်းကျော်ကို သေသေချာ ကြည့်ကာ တဝုတ်ဝုတ် ဟောင်နေလေတော့သည်။ တိုင်းကျော်သည် ခဲ တစ်လုံး ထပ်မံ ကောက်ယူပြီး "တယ် ဒီမအေတဲ့ ခွေးမ၊ ကဲ. . . ကဲဟာ" ဟု ပေါက်ကာ ဒေါသအိုးကြီး စတင် ကွဲပါလေတော့သတည်း။

အစ ပထမသော် ကျွန်တော်လည်း စာကျက်နေရာမှ တိုင်းကျော် တစ်ယောက် မဆဲစဖူး ခွေးမလေးကို ဆဲသည်ဟု ထင်မိ၏။ သို့သော် ခွေး

ဟောင်သံ စဲသွား၍ အတော်ကြာသည့်တိုင် တိုင်းကျော် ဆဲနေတုန်းဖြစ်ရာ ဘယ်တုန်းကမျှ မဆဲစဖူးသော တိုင်းကျော်အတွက် အထူးအဆန်း ဖြစ်နေသဖြင့် နားထောင်မိပါတော့သည်။

ဟုတ်၏၊ မှန်၏၊ တိုင်းကျော် တစ်ယောက် ခွေးမလေးကို မဆဲတော့ဘဲ အခြားသူ တစ်ဦးဦးကို ရည်စူး၍ တစ်တစ်ခွခွ ဆဲနေလေပြီ။ မည်သူ့အားနည်း၊ အရပ်လူကြီး ဦးဘတုတ်ကိုလော မဟုတ်ပါ။ သူ၏ ဆဲသံထဲဝယ် နာကျည်းသံလည်း တုန်တုန်ယင်ယင်နှင့် ဖုံးလွှမ်းနေသေး၏။ နောက်ကြောင်းပြန်၍ ဆဲနေခြင်း ဖြစ်ပေသည်။ သူ့အဖေကို မတရား နှိပ်စက်သတ်ဖြတ်ခဲ့ကြသူများဟု ဆဲ၏။ ကျွန်တော်ပင်လျှင် စာအုပ်ကို ပိတ်၍ ထထည့်ပြီး ကြည့်မိရာ တိုက်နံရံကို မှီ၍ စိမ်ပြေနပြေ ဆဲနေသော တိုင်းကျော်ကို တွေ့ရ၏။ ပါးစပ်ကသာ ဆဲနေသော်လည်း ကိုယ်လက်တို့ဖြင့် ရန်မူမည့် အရိပ်အရောင် မပါပါ။

ကျယ်ကျယ်လောင်လောင် ဆဲလိုက်၊ လေသံကို နှိမ့်၍ ဆဲလိုက်နှင့် သူ ငယ်စဉ်က စ၍ သိခဲ့ရသော မတရားမှုများ၊ မတရားသော လူယုတ်မာများကို တိုင်းကျော် ဆဲနေခြင်း ဖြစ်ပေသည်။ ကျွန်တော်လည်း တိုင်းကျော်၏ ဆဲဆိုမှုသည် တရားနည်းလမ်းကျ၏ဟု ထင်မိသွားသည်။ ထို့နောက် စာကြည့်စားပွဲ ပြန်လာကာ စာကို ဆက်လက်၍ ကြည့်ရသည်။

တိုင်းကျော်ကား ဆဲ၍ ကောင်းတုန်း။

ကျွန်တော့်မှာလည်း စာထဲ စိတ်က တစ်ဝက် ရောက်လိုက် တိုင်းကျော်ထံ တစ်ဝက် ရောက်သွားလိုက်နှင့် ဖြစ်နေ၏။ ရေဒီယိုတစ်လုံး ဖွင့်ထားသည့်ပမာ တိုင်းကျော်ခမျာ ရာဇဝင်နှင့် ချီ၍ ဆဲနေလေတော့သည်။ သူ့အမေဆင်းရဲပလဲ ဘဝတွင် မဟားတရား လုပ်ခဲ့သူများ အကြောင်းလည်း ပါ၏။ အခြား ကျွန်တော် မကြားဖူးသော နာမည်တွေလည်း ပါသေးသည်။

အချိန်ကား တရွေ့ရွေ့နှင့် ညဉ့်နက် လာလေပြီ။

တိုင်းကျော်ကား ဆဲ၍ ကောင်းတုန်း။

လည်ပတ်ရာမှ ပြန်လာသော ကာလသား ၃–၄ ယောက်တို့သည် တိုင်းကျော်ကို ဝိုင်း၍ ကြည့်ကြ၏။ တိုင်းကျော်ကား သူတို့ကို ဂရုမစိုက်၊ အစီအစဉ်အရ ဆက်လက် ဆဲနေလေသည်။ ကျွန်တော်သည် ဒီကောင်တွေ ဘာများ လုပ်ကြမလို့လဲဟု လှမ်း၍ ကြည့်မိ၏။ တစ်ယောက်က "လာပါကွာ စိတ်မနံ့ဘူးနဲ့ တူတယ်" ဟု လက်တို့ ခေါ်သဖြင့် ကျန်လူများလည်း ထွက်

ခွာသွားကြလေသည်။

တိုင်းကျော်ကား အရှိန်ရရ ဆဲ၍ ကောင်းတုန်း။

ကျွန်တော်သည် ည နာရီပြန် တစ်ချက်ခွဲတွင် နံနက် ၄ နာရီ နှိုးစက်ထားပြီး အိပ်ရာဝင်၏။ ကျွန်တော် အိပ်ရာဝင်သည့်တိုင် တိုင်းကျော်မှာ တိုးတိုးသက်သာ ဆဲနေတုန်း ဖြစ်လေသည်။ ဒါလောက် ဆဲလှတာ ကျွန်တော် အိပ်ပျော်နေတုန်း ရဲသား တစ်ယောက်ယောက်က ဖမ်းသွားမှာပဲဟု ယူဆယုံကြည်မိ၏။ ဖမ်းသွားလည်း ကျွန်တော် ဘာမျှ မကာကွယ်နိုင်။ စဉ်းစားရင်း အိပ်ပျော်သွားပြီး နံနက် ၄ နာရီဝယ် နာရီနှိုးစက်က နှိုး၍ ကျွန်တော် နိုးလာလေသည်။ အိပ်ရာမှ နိုးနိုးချင်း ပထမဦးဆုံး ကြက်တွန်သံနှင့် ကျီးအာသံကို မကြားရ၊ တိုင်းကျော်၏ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော ဆဲသံကို ကြားရပါလေသည်။

ယခုထိ မအိပ်မနေ ဆဲနေနိုင်သေးသည်ကိုလည်း အံ့ဩမိ၏။ ထို့နောက် မျက်နှာသစ်ပြီး စာအုပ်ဖွင့်၍ စာကျက်မိရာ စိတ်မှာ စာအုပ်ထဲ တစ်ဝက်၊ တိုင်းကျော်ဆီ တစ်ဝက် ရောက်နေပြန်သည်။ တိုင်းကျော်၏ ဆဲသံ၊ ဆိုသံတို့ကို နားထောင်ရင်း ဗဟုသုတပင် ရလာ၏။ နောက်ကြောင်း ချီ၍ ရာဇဝင် ပြန်လှန်သော ညစ်ပတ် ယုတ်မာသူများ၏ ဇာတ်ကြောင်းကို စီကာစဉ်ကာ ဆဲနေသောကြောင့် ဖြစ်လေသည်။

နံနက်စောစော ပဲပြုတ်သည်များ၏ အသံသည် တိုင်းကျော်၏ ဆဲသံကို မဖုံးလွှမ်းနိုင်။

နေထွက် တစ်ပြုတွင် နားမခံသာနိုင်ဟန်တူသော ရပ်ကွက် လူထုသည် တုတ်၊ ဓား ကိုယ်စီ ဆွဲ၍ တိုင်းကျော် အနီးသို့ ဝိုင်းလာကြလေသည်။ တိုင်းကျော်က သူတို့ကို ဂရုမစိုက် အရှိန်ရရ ဆဲနေတုန်းပင်။

သို့သော် ကျွန်တော် မနေနိုင်တော့ပါ။ သူတို့တွေ ဝိုင်းရိုက်ကြလျှင် ခွေးလေတစ်ကောင်ကို ဝိုင်းရိုက်သလို အသေတောင်ဖြောင့်အောင် သေနိုင်မည် မဟုတ်။ ထို့ကြောင့် လူအုပ်ကြီး ရှေ့သွား၍ ခါးထောက်ကာ ကျားကျားယားယား ရပ်ရင်း

"ဒီမယ်၊ ဒီမယ် နေကြပါဦး. . .၊ ခင်ဗျားတို့ သူ့ကိုရိုက်လို့ ဘာများအမြတ်ထွက်မှာလည်း၊ ဘယ်လောက်များ အရသာရှိမှာလည်း၊ ခွေးလေတစ်ကောင် ရိုက်သလိုနေမှာပဲ မဟုတ်လား၊ သူ လမ်းဘေးမှာ ငုတ်ပြတ်နေတုန်းက ခင်ဗျားတို့ အိတ်ထဲက ဘယ်သူ ပိုက်ဆံတစ်မတ် ထုတ်ပေးဖို့ စိတ်

ကူးမိကြရဲ့လား၊ စေတနာ တစ်မတ်ဖိုး မရှိတဲ့ လူတစ်ယောက်ကို ဒေါသလည်း တစ်မတ်ဖိုးမှ မထွက်ချင်ကြပါနဲ့ဗျာ၊ ပြီးတော့ သူဆဲတာက ခင်ဗျားတို့ ကျွန်တော်တို့ကို မဟုတ်ပါဘူး၊ သူနဲ့ ပတ်သက်တဲ့ လူတွေ၊ သူ့ကို နှိပ်စက်တဲ့ လူတွေကို ဆဲတာပဲ၊ နောက်ပြီး သူ့အဖို့ရာ ဆဲရုံထက် ဘာမှလဲ မတတ်နိုင်၊ ဘာမှလဲ ကိုယ်ထိလက်ရောက် မလုပ်နိုင်ဘူးဆိုတာ ကျွန်တော် ပြောရဲပါတယ်"

ဤနေရာ၌ စကားညှပ်၍ ပြောလိုသည်ကား ရပ်ကွက် လူထုနှင့် ကျွန်တော်၏ အကြောင်း ဖြစ်၏။ ကျွန်တော်သည် ကစားခုန်စား ဝါသနာပါသည့် အလျောက် စက်သူဌေး ဦးစံဖြိုး၏ ကပ်ဖလားကြီး ၃နှစ် တိတိ ကျွန်တော်တို့ အရပ်က ဆက်လက် သိမ်းပိုက်ထားနိုင်အောင် ဘောလုံးသင်းကို ဦးဆောင် ဖွဲ့စည်းကာ ကြိုးပမ်းထားခဲ့ဖူးသဖြင့် ရပ်ထဲ ရွာထဲတွင် အနည်းအကျဉ်း မျက်နှာပွင့်လျက် ရှိပေသည်။ ယခုလည်း သာမန် အရပ်သားတစ်ယောက်အနေနှင့် ဆိုလျှင် ကျွန်တော့် စကားကို ဖင်ကြား ညှပ်ကြမည် မဟုတ်သော်လည်း ထိုကျေးဇူးကလေးများကြောင့် တိုင်းကျော်ကို ချမ်းသာပေးလိုက်ကြလေသည်။

"ဒီတော့ဗျာ သူ့ဆဲသံကို ရေဒီယိုက သီချင်းလို သဘောထားလိုက်ရင် ပြီးတာပါပဲ၊ သူဆဲတာတွေကလည်း အမှန်တွေပဲ မဟုတ်လား"

ထွက်သွားသော လူအုပ်ကြီးအား ကျွန်တော်က နောက်ဆက်တွဲ ပြောလိုက်ချေသေးသည်။

တိုင်းကျော်ကား အရှိန်မပျက် လွတ်လပ်စွာ ဆဲနေလေတော့သည်။ ကျွန်တော်လည်း စာကြည့်စားပွဲသို့ ပြန်၍ စာကျက်ရပြန်၏။ တိုင်းကျော်၏ ဆဲသံကို ရေဒီယိုလို တဖြည်းဖြည်း သဘောထားနိုင်လာလေပြီ။

မှတ်မိသမျှ ထိုနေ့ တစ်နေ့လုံး တစ်ညလုံး တိုင်းကျော် ဆဲနေခြင်း ဖြစ်၏။ သူ့အနားသို့လည်း ဘယ်သူမျှ ကပ်သည်ကို မမြင်ရတော့ လွတ်လွတ်လပ်လပ် ဆဲနိုင်လေပြီ။ အဆက်မပြတ် ဆဲနိုင်သည်ကို ကျွန်တော် အံ့ဩမိ၏။ ထမင်းမစား ရေမသောက်ဘဲ ဆဲ၍ နေနိုင်ခြင်းမှာ စိတ်တိုင်းကျ ဆဲရသဖြင့်သာ အစာရေစာ မလိုတော့ဘဲ နေခြင်းဖြစ်ဟန် တူပေသည်။

ထိုနေ့ ညအဖို့ ညတစ်နာရီခွဲတွင် ခါတိုင်းလိုပင် ၄ နာရီ နှိုးစက်ထား၍ တိုင်းကျော်ဆဲသံ နားခံရင်း အိပ်ရာဝင်ခဲ့၏။

နံနက် ၄ နာရီ အိပ်ရာက နိုးသောအခါ တိုင်းကျော်မှာ ဆဲနေတုန်း

ဖြစ်လေတော့သည်။ ယခုအခါတွင်မူ သူသည် နောက်ကြောင်းကို ပြန်၍ ဆဲခြင်း မဟုတ်တော့ဘဲ ခုကာလ လူများ (ဝါ) လူညစ်ပတ်များကို ရည်စူး၍ ဆဲစ ပြုလာ၏။ တိုးတိုးတစ်ခါ ကျယ်ချီတစ်လှည့်နှင့် ဆဲမှ ဆဲနိုင်ပလေဟု အံ့ဩမိရသည်။ အသံလည်း မဝင် မအက်၊ ပကတိ ကြည်လင်သော အဆိုကျော်၏ သီချင်းသံလို နားဝင်ပီယံ ဖြစ်အောင် ဆဲတတ်ပေစွ။

နေအတော် မြင့်သောအခါ ရဲသားတစ်ယောက် ပေါက်လာပြီး တိုင်းကျော်အား ငုံ့ကြည့်၏။ တိုင်းကျော်က မမှု၊ ဆဲမြဲတိုင်း ဆဲနေလေသည်။ ကျွန်တော့်မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၍ ဖမ်းများ သွားလေမလားဟု ကာကွယ်ရန် အလို့ငှာ အနားသို့ သွားကပ်၏။ ရဲသားကြီးသည် အတော်ကြာ စူးစိုက် ကြည့်ပြီးနောက် "အင်း ရောဂါက အဆန်းပဲဗျ" ဟု ခေါင်းယမ်းရင်း မှတ်ချက်ချကာ ထွက်ခွာသွားမှ ကျွန်တော် သက်ပြင်း ချနိုင်သည်။

ထိုနေ့ တစ်နေ့လုံးလည်း တိုင်းကျော်မှာ အရှိန်ရရ ဆဲ၍ နေလေသေးသည်။ သူဆဲသောသူများထဲတွင် သူ့အား တိုက်မလိုလုပ်သော ဘတ်စကားများ အကြောင်းလည်း ပါလာ၏။ လမ်းဘေးနေရာမှ အလစ် အလစ် ဝင်နှိုက်သော ခါးပိုက်နှိုက်များ အကြောင်းလည်း ပါလာ၏။ ကျွန်တော်သော်မှ လန့်သွားမိသေးသည်။ အကြောင်းမူ တစ်ကြိမ်က မိုးတွေ သဲကြီးမဲကြီး ရွာနေချိန်တွင် သူနှင့် လမ်းမှာ ဆုံမိကြရာ ထီးကို အကြော့သား ဆောင်းလာသော ကျွန်တော်က သူ့အား ထီးလောကွတ် ဆောင်းမပေးမိဘဲ ရှောင်သွားခဲ့ဖူး၏။ ထို့ကြောင့် သူဆဲသော စာရင်းထဲတွင် ကျွန်တော်များ ပါလာလေမည်လားဟု ရင်တထင့်ထင့် နားစွင့်မိရသေးသည်။

တော်ပါသေး၏။ ကံကောင်း ထောက်မသဖြင့် ကျွန်တော်၏ နာမည် မပါလာပါပေ။ ညဦးပိုင်းတွင် အရပ်လူကြီး ၃-၄ ဦး သူ့အနား လာသည်ကို မြင်ရ၏။ ကြာကြာတော့ မနေကြပေ၊ နေရဲဟန် မတူ။ ထိုနေ့ည တစ်နာရီ ကျွန်တော် အိပ်ရာဝင်သော အခါတွင်လည်း တိုင်းကျော်ကား ဆဲတုန်းရှိလေသည်။

နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ မျှော်လင့်သည့်အတိုင်း တိုင်းကျော်၏ ဆဲသံကို ကြားရပြန်၏။ ကဗျာဆန်ဆန် ဆိုရသော် မိုးသောက်အရုဏ်သည် တိုင်းကျော်၏ ဆဲဆိုသော တေးဂီတဖြင့် ဖွင့်လှစ်လာသည်မှာ ၃ ကြိမ်မြောက်ခဲ့လေပြီ။

ထမင်းမစား ရေမသောက်ဘဲ ဆဲ၍နေနိုင်ခြင်းကို ကျွန်တော် အံ့ဩ

မိသည်။ တစ်ခုခုသွား၍ ကျွေးမှပဲဟု အောက်မေ့မိ၏။ သို့သော် ကျွန်တော် ကျွေးလည်း မစားမှာက သေချာ၏။ သူ့အဖို့ ဆဲနေခြင်းဖြင့် အစာဝ၍ နေသည် မဟုတ်လော။

ထိုနေ့ နေ့လယ်ဘက်တွင်လည်း တစ်နေ့လုံးပင် တိုင်းကျော် ဆဲလေ သေးသည်။ သို့သော် ကျွန်တော် သတိတစ်ခု ပြုမိသည်ကား အနည်းငယ် အသံဝင်၍သွားခြင်း ဖြစ်၏။ သူ့ကို နားထောင်ရင်း စာကျက်ရသည်ကိုပင် ပို၍ ကျက်လို့ ရသလိုလို ကျွန်တော် ထင်မိသေးသည်။ ဆဲလေသော မောင် တိုင်းကျော် မော မမောတော့ မပြောတတ်။ စာကြည့်ရလွန်းသဖြင့် ညောင်း ညာစ ပြုလာသော ကျွန်တော့်မှာ ညနေဘက်တွင် ဘောလုံးကွင်းသို့ ထွက် လာပြီး ဘောလုံးကစား လေ့ကျင့်ရသည်။ အညောင်းအညာ ပြေလောက် အောင် ကစားပြီး ညနေ မိုးချုပ် လမ်းမီးများလင်းလာမှ အိမ်ပြန်လာခဲ့၏။

လမ်းတွင်းသို့ ရောက်သောအခါ တိုင်းကျော်၏ ဆဲသံက ကျွန်တော့် ကို ဆီးကြို နှုတ်ဆက်လေသည်။ ဆဲလည်း ဆဲနိုင်သော မောင်တိုင်းကျော် ပေတကား . . .။

ကျွန်တော်တို့ အိမ်နားသို့ ရောက်သောအခါ ကျွန်တော့်ခေါင်း မြွေ ပေါက်သလို အထိတ်တလန့် ဖြစ်သွားရ၏။ အမှန်မှာ လမ်းထဲဝင်စက ကျွန်တော် ကြားလိုက်မိသော တိုင်းကျော် ဆဲသံမှာ တိုင်းကျော်၏ ဆဲဆိုသံ အစစ် မဟုတ်။ ကျွန်တော်၏ စိတ်ထဲသို့ စွဲဝင်နေသော ပဲ့တင်မျှသာ ဖြစ်၏။ မိမိအိမ်နားတွင် အလှူတစ်ခု ပြုလုပ်၍ ပွဲတစ်ခြိမ့်ခြိမ့်ခံကာ အလှူပြီးသွား သော အခါလည်း ဆိုင်းသံ ဗုံသံ ကြားယောင် ဖြစ်နေတတ်သည် မဟုတ်လော။

ယခုလည်း တိုင်းကျော် မဆဲနိုင်တော့ပြီ။ မဆဲနိုင်ရုံသာ မဟုတ်၊ ဘာစကားမျှ မပြောနိုင်တော့ပါ။ သူ၏ အလောင်းကို မြူနီစီပယ် အလုပ် သမား ၂ ယောက်က ဆေးရုံကားပေါ်သို့ တင်နေသည်ကို တွေ့ရ၏။ ရပ်ကွက် ထဲက လူတစ်ဦးကို မေးကြည့်ရာ လွန်ခဲ့သော တစ်နာရီလောက်ကပင် အဆဲ ရပ်သွား၍ ကြည့်သည်တွင် အသက်မရှိတော့၍ ဆေးရုံကား ခေါ်လိုက်ရ ကြောင်း သိရ၏။

ဆေးရုံကား မောင်းထွက်သွားသောအခါ ကျွန်တော်လည်း စိတ် လေးလေးနှင့်ပင် အိမ်ပြန် ရေးချိုး ထမင်းစားပြီး စာကြည့်စားပွဲမှာ ထိုင်၍ စာအုပ်ဖွင့် စာဖတ်၏။

တိုင်းကျော်၏ ဆဲသံသည် ကျွန်တော်၏ ရင်ထဲဝယ် ပဲ့တင်ပြန်၍

နေလေသေးသည်။ သူ့အဖို့ ဤတစ်နည်းသာလျှင် တစ်သက်လုံး ငံ့ခံခဲ့ရသမျှ စုပေါင်း အုံကြွ ပွင့်ကွဲခြင်း ဖြစ်ပေသည်။ နောက်ဆုံး အုံကြွ ပွင့်ကွဲရင်း အသက်ပါ တစ်ပါတည်း ပါသွားခြင်း ဖြစ်ပေသည်။

ဩော် . . . တိုင်းကျော်တစ်ယောက် ဤမျှလောက် လူယုတ်မာများ ပေါလှသော ကျွန်တော်တို့ လူ့ပြည်ကို နောက်တစ်ခေါက် လာမှ လာရဲပါဦး မလား။ ။

လှည်းယဉ်ကြော့ကြော့

# လှည်းယဉ်ကြော့ကြော့

**(မနူဟာ ဘုရားပွဲ၏ မြင်းကပါ အပျိုများသို့)**

"တော်သလင်း လပြည့်နေ့. . ."

ပင်ယင်းမာမှ ဝင်းဖန့်ဖန့် ပွင့်ဝတ်လွှာတို့သည် အစွမ်းကုန် မွှေးကြပြီးလျှင် တစ်ချပ်စီ တစ်ချပ်စီ မြေဝသုန်ထက်သို့ ကြွေကျလျက် ရှိလေသည်။ ရင့်ကျက် တည်ငြိမ်သော မြစ်မဇရာ ရေစီးလို့စီးမှန်း မသိရ။ သိက္ခာ ကြီးမားလှသည့် မြစ်မဇရာ။ ထို ဧရာဝတီ ကြေးမုံပြင်ဝယ် နှစ်သက်စဖွယ် ဆေးစုံခြယ်သည့် တိမ်တိုက် ကြီးငယ် အသွယ်သွယ်တို့သည် အထပ်လိုက် အထပ်လိုက် အရိပ်ထင်ကုန်သည်။ အထင်းသား အရှင်းသား ပေါ်လွင်နေကြသည်။

ထို ဧရာဆိပ်ကမ်း ပုဂံအောက်ဆွယ်. . . "မနူဟာ" ကိုယ်တော်၏ ခြေရင်းဝယ် မြင်းကပါ ရွာကလေးသည် ထန်း၊ အုန်း၊ သရက် ပြည့်နှက် ဝေမှိုင်း ကိုင်းချင်းယှက်မျှ သာသာယာယာ တည်ရှိနေလေသည်။ အသက်မွေးမှု တစ်ခု ပညာကိုယ်စီ ပါအပ်သည့် အလျှောက်၊ ပါဏုပေတံ တစ်သက်ပတ်လုံး ယွန်းထည်လုပ်ငန်းဖြင့် စခန်းသွားတော့မည်ဟု မနူဟာ သဗ္ဗညုတစ်ခုခုသော စေတီပုထိုး တန်ခိုးကြီး ဘုရားများထံ အာမဘန္တေ ခံယူထားဘိ သကဲ့သို့ "မဝ တဝ" ယွန်းလုပ်ငန်းဖြင့် အသက်မွေးကြသူ မြင်းကပါ ရွာသူရွာသားတို့၏ "မချော့ တချော" အိမ်ကုပ်ကလေးတို့သည်လည်း မြွတ်သိပ် ပြည့်နှက် တံစက်မြိတ်ချင်း ဆက်လျက် ရှိနေကြတော့သည်။

မြင်းကပါ အရှေ့ကုန်း "မြစေတီ" ကိုယ်တော်၏ တောင်တည့်တည့်တွင် သပ်သပ်ရပ်ရပ် ထန်းရွက်မိုး ဝါးကပ်ကာ ထပ်ချင်း အိမ်ကလေး တစ်ဆောင်အတွင်း အခန်းကျဉ်းထဲဝယ် အညာသူ ဖြစ်ပါလျက် အညာသွေး အညာမွေးနှင့် အညာရောင် လုံးဝ မသမ်းသော ဖြူဖြူတုတ်တုတ် အသက်

. . . . . . . . . . . . .

လှည်းယဉ်ကြော့ကြော့နှင့် အညာဓလေ့ ဝတ္ထုများ ဇွန် ၁၉၆၂

လေးဆယ်ခန့် မိန်းမတစ်ယောက်သည် မျက်ရည်ပူများကို သုတ်ရင်း ရှိုက်၍ ရှိုက်၍ ငိုနေလေသည်။ အိမ်ဦးခန်းရှိ အသားညိုညို တုတ်တုတ်ခိုင်ခိုင်နှင့် သူ့ခင်ပွန်း ဖြစ်ဟန်တူသော လူတစ်ယောက်မှာ မတိုးမကျယ် သူ့ရှိုက်သံ ကြားရသောအခါ နားမခံသာဟန်နှင့် အခန်းဖက်ဆီ လှည့်ကြည့်လိုက်ပြီးလျှင်

"ဟော့. . . ဖွားသီရဲ့ မငိုစမ်းပါနဲ့ဟ၊ ငါပြောနေတဲ့ အထဲက နင် ထပ်ထပ် ကဲသလား. . ."

"အမယ်လေး. . . သမီးမိုက် မွေးမိလို့ ကိုစံဒွေးရေ. . . သမီးမိုက်မွေးမိလို့ အင်း. . . မအေက မိုက်ခဲ့တော့ သမီးလည်း အပြစ်မဆိုသာပါဘူးတော်. . . ခေါင်ကမှ မိုးမလုံဘဲဟာ"

ဤသို့ပြောရင်း သားမြတ်အစုံ၏ အထက်နားဆီ အုန်းကနဲ လက်သီးနှင့် ထုကာ ထမီရင်လျား ကျွတ်သည်ကိုမျှ ဂရုမထား တအီးအီးနှင့် ကျယ်သထက် ကျယ်ကျယ် ငိုပြန်တော့သည်။

အကြီးအကျယ် စိတ်မချမ်းသာ ဖြစ်နေရ၍ နားထင် နားရင်းများပင် နေ့ချင်း ညချင်း ကျဆင်းသွားပုံရသော ကိုစံဒွေးသည် ဥပုသ်နေ့မှန်း ပုတီးစိတ်ရမှန်း မသိ၊ လက်ထဲမှ ပုတီးကိုသာ လက်ကောက်ဝတ် ပတ်ကာ သူ့ဇနီးစကားကြောင့် ဒေါသအိုး ကွဲလျက် အခန်းဆီ စူးစူးဝါးဝါး ကြည့်ပြီး တက်တစ်ချက် ခေါက်ရင်း အိမ်ပေါ်မှ ဆင်းသွားလေ၏။

သူဆင်းသွားပြီး မရှေးမနှောင်းပင် မိန်းမတစ်ယောက် ကလေး ခါးထစ်ခွင်ချီကာ အိမ်ပေါ် တက်လာ၍ အခန်းတွင်း တောက်လျှောက် ဝင်သွား၏။

"မငိုစမ်းပါနဲ့ အမကြီးရယ်. . . ဒီခွေးမကြောင့် ငိုရတာ မျက်ရည်ကုန်ရုံပါပဲ"

"ငါက မိုက်ခဲ့တော့ လှရင် အပြစ်ချည်း မဟုတ်ပါဘူးအေ။ ငါ မိုက်ခဲ့တာ စဉ်းစားမိပြီး ပိုပိုဝမ်းနည်းလို့ပါ"

"ပြီးပြီးသားဟာ ပြီးပစေပေါ့ အမကြီးရယ်. . . ကျောင်းက ကိုရင်တောင် ဒီဟာကြားကတည်းက ဆွမ်းလည်းမစား အခန်းထဲကလည်း မထွက်ဘူးတဲ့"

"အင်း. . . သူလည်း မောင်အရင်း တစ်ယောက်လုံးကို ဖွားကြည်ရဲ့။ ညည်းပဲ စဉ်းစားကြည့်ပါအေ၊ ညည်းက အရင် အိမ်ထောင်ကျပေမဲ့ တင့်တင့်တယ်တယ် လူကြီးစုံရာနဲ့ တောင်းရမ်းခဲ့ကြတာ။ ငါကသာ အကြီးပီပီ

မိဘတွေ မျက်နှာ အိုးမဲ သုတ်ခဲ့တယ် မဟုတ်လား။ ဒါကြောင့် ငါ့သမီး လှရင်ကျူရင် ငါ့လိုတော့ အဖြစ်မခံဖူးဆိုပြီး နေလာတာ ခုတော့အေ. . . ” ပြောရင်းပြောရင်း မဆုံးခင် ငိုပြန်လေသည်။

မဖွားသီ တအီအီ ငိုရခြင်းကား မနေ့ညက သူ့သမီး လှရင်အား အဖော်များဖြင့် ပွဲကြည့် ထည့်လိုက်ရာ လှရင်မှာ ပွဲကြည့်ရုံသာ မဟုတ်၊ လောကဇာတ်ခုံပေါ်တွင် သူ့ရည်းစား မောင်ထွန်းနှင့် တွဲပြီး သူကိုယ်တိုင် မင်းသမီးအဖြစ် ထွက်ကလိုက်သောကြောင့် ဖြစ်ချေသည်။ အချိန်တန် အရွယ်ရောက်သဖြင့် လင်တစ်ယောက် ကောက်ကောက်ပါအောင် ယူခြင်းကို သူ အပြစ်မဆို။ ခုလို ဝါတွင်းကြီးတွင် မစောင့်နိုင် မအောင့်နိုင် ခိုးရာလိုက်ပြေးသောငမ်းငမ်းတက်မှုကိုသာ သူသည် အရှက်ကြီး ရှက်ပြီး စိတ်အနာကြီး နာနေခြင်းဖြစ်လေ၏။

သထုံပြည့်ရှင် မနူဟာဘုရင်၏ ကောင်းမှု မနူဟာ ပုထိုးတော်သည် လှည်းဝန်ရိုးသံ တညံညံ မြူသော ပုဂံဘုရားများတွင် တစ်ဆူပါဝင်လျက် မနူဟာဘုရား ဆွမ်းတော်တင်ပွဲသည်လည်း နှစ်စဉ် နှစ်စဉ် တော်သလင်းလပြည့်နေ့တွင် ကျင်းပမြဲ ပူဇော်မြဲ ဖြစ်လေသည်။

ရွာထဲရှိ မြင်းကပါသူ မယဉ် မရိုင်းတို့သည် မုန့်ဖြူ၊ မုန့်နီ၊ ပဲမုန့်စသည်တို့ကို အကွင်းလိုက် အကွင်းလိုက်က တစ်မျိုး၊ အချပ်လိုက် အချပ်လိုက်က တစ်တန်၊ ဘုန်းကြီးကပ် ဘုရားလှူနှင့် ဧည့်ပရိသတ် ဧည့်ခံဖို့အတွက် ကြော်ကြရသည်မှာ သူတို့၏ ညိုတိုတို အသားမှ ချွေးများ စို့ထွက်ရုံမက ပေါက်ခနဲ ပေါက်ခနဲ စီးကျသည့်တိုင် ဖြစ်တော့သည်။

သို့သော် မြင်းကပါ မနူဟာပွဲဆိုလျှင် ရွာနီးချုပ်စပ်နှင့် မင်းနေပြည်တော်ဟောင်း ပုဂံမြို့ကပါ အမူးပွဲ၊ ထန်းရည်ပွဲ ဟူ၍ အတီးအမှုတ် ပြုကြကုန်သည်။ ဟုတ်သည့်အတိုင်း ဆိုလျှင်လည်း မနူဟာ ပွဲချိန်ရောက်မှဖြင့်မြင်းကပါမှ ကာလသားပေါက်စ လူပျိုသိုး၊ အဘိုးအို၊ အိမ်ထောင်ရှိ၊ အိမ်ထောင်မဲ့၊ ကြီးကြီး၊ ငယ်ငယ် ‘ယောက်ျား’ ဆိုသူတို့သည် တစ်မြူသော်လည်းကောင်း၊ တစ်ပုလင်းသော် လည်းကောင်း၊ အနည်းထားပြီး ယစ်၍ယစ်၍ မူးပစ်ကြလေသည်။

ယနေ့မှာ အဖိတ်နေ့ည ဖြစ်ခြင်းကြောင့် ဘုရားဝိုင်း အတွင်း၌ ဦးရွှေရိုးရုပ်မှ စ၍ နဂါးရုပ် စသည်ဖြင့် အသွန်းမျိုးစုံ လှည့်လည် ကခုန် သိမ့်သိမ့်တုန်ကာ ပြည့်သိပ်လျက် ရှိနေ၏။ ဒီအချိန်တွင် ရွာမြောက်ဖျား မော်တော်ကား

လမ်းဘေး၌ အရက်၊ ကဖော်၊ ပင်ကျရည် စသည့် အမူးသမားများ၏ နတ်သုဓာတို့ကို လွတ်လပ်ခြင်းမကာ လွတ်လပ်စွာ ရောင်းချရာ "အမိန့်ရ အမူးသမား ဘုံရိပ်သာ" ဝယ် အလျှိုလျှို ဝင်လာမစဲသော ဧည့်ပရိသတ်များဖြင့် ပြည့်ကျပ်နေလေသည်။ အနောက်မြောက်ထောင့် ဘူးစင်အောက် ဝါးကွပ်ပျစ်ကလေးပေါ်တွင် မောင်ထွန်းသည် သူငယ်ချင်းကြီး ရွှေဘမြိုင်တို့နှင့် သုံးယောက်သား ခေါင်းချင်းဆိုင်ကာ တစ်စုံတစ်ခုကို တိုင်ပင်နေကြ၏။

ထို တစ်စုံတစ်ခုသည်ကား. . . မဖွားသီ တအီအီ ငိုရသော တစ်စုံတစ်ခုပင်တည်း။

"ဟေ့ကောင် မောင်ထွန်းရ ဘယ့်နှယ့်လဲ။ မင့်ကောင်မက သေချာပါ့မလားကွ၊ တွေ့ကော တွေ့ပြီးပလား"

ဤသို့ ကြီးရွှေက မေးလိုက်ရာ၊ မောင်ထွန်းသည် သောက်လက်စ အရက်ကို မော့လိုက်ပြီး

"မသေချာဘဲ မလုပ်ပါဘူး ကြီးရွှေရ ဒီတစ်ချီတော့ ဘယ်အလွဲခံလို့ ဖြစ်ပါ့မလဲ"

"အေးလေ ဒီလိုဆို တို့ကလည်း အဆင်သင့်ပါပဲ။ ဟီး. . .ဟီး"

ဘမြိုင်က ချွင်းချက်မရှိ ထောက်ခံလိုက်၏။

"ငါ. . . အမယ်ကြီးအို ဓာတ်ခုံ အနောက်ဘက်နားဆီ လှည်းဖြုတ်ထားမယ်၊ မင်းတို့ကသာ မယောင်မလယ် ကြည့်နေပေါ့"

ဒီလို သောက်ရင်း စားရင်း မှောင်ရိပ်သန်းလာသဖြင့် သူတို့သည် လူစုခွဲ၍ ထွက်သွားကြလေသည်။

ခုနစ်စင်ကြယ်ပြောင် အမြီးထောင်ချိန် ဖြစ်၏။

ရှေးအစဉ်အဆက်က စ၍ မြင်းကပါသားတို့ အရှေ့ကုန်း၊ တောင်ကုန်း၊ မြောက်ကုန်း၊ အနောက်ကုန်း စသည်ဖြင့် တစ်ရွာထဲပင် အိမ်ကျယ်လုပ်ကာ နယ်နိမိတ်ခြားထားခဲ့ခြင်းကြောင့် ယခု ဘုရားပွဲတွင် တစ်ကုန်းနှင့် တစ်ကုန်း အားကျမခံ ငွေကို နှမ်းကြဲသလို ကြဲ၍ ငှားရမ်းထားသော အမယ်ကြီးအို အောင်စိန်နှင့် အေးမောင်တို့၏ ဓာတ်နစ်ပွဲသည်လည်း ဖွဲနပဲနှင့် အပြိုင်အဆိုင် ကလျက်ရှိလေသည်။

ပွဲခင်းနံဘေး ဆိုင်တန်းများနှင့် ဓာတ်မီးတွေ လင်းထိန်နေငြားသော်လည်း ညို့မဲ အုံ့ဆိုင်းနေသော မိုးသားနှင့် မိုးသက်လေအေးတို့ကြောင့် ရွှေပွဲလာတို့မှာ အချမ်းပိုကာ တုတ်တုတ်မျှ မလှုပ်ဘဲ ရှိနေ၏။ ဒီအထဲ မြင်းကပါ

သူ မဖြူ တဖြူတို့၏ အသဲကျော် ကလီစာတွဲ မင်းသားလေး အေးမောင်မှာ နစ်ပါးသွားခန်းသို့ ဆိုက်နေလေရာ သူတို့ တစ်တွေမှာ မငိုက်သည့်ပြင် မျက်လုံးတွေပင် ပြူးကျယ်နေကြကုန်သည်။

ထိုသို့ ပွဲကို သဲသဲမဲမဲ အာရုံစိုက်နေခိုက်တွင် နောက်ဖျားကျကျဆီမှ မိန်းမပျို သုံးဦးသည် ပရိသတ်အပြင်ဘက် ထွက်သွားကာ ဈေးဆိုင်တွေနား ဟိုလျှောက် ဒီလျှောက် လျှောက်လျက် ဘူးသီးကျော် စားတော့မလိုလို၊ မုန့်ဟင်းခါး ဝယ်တော့မလိုလိုနှင့် မယောင်မလည် လုပ်ပြီး အမယ်ကြီးအို အောင်စိန် ဇာတ်စင်နောက် မှောင်ရိပ်ထဲသို့ ပျောက်ကွယ်သွား၏။

အတန်ကြာ၍ ပြန်ထွက်လာသောအခါ တစ်ယောက် မပါလာ. . . ထိုတစ်ယောက်မှာ လှရင်သာ ဖြစ်ချေ. . .။

ဤတထိတ်ထိတ် အချိန်တွင် မောင်ထွန်းသည် ကမာပင် မှောင်ရိပ်မှ အသင့်စောင့်နေသော လှည်းတစ်စီးဆီသို့ လှရင်ကို တွဲပြီး ခေါ်လာလေသည်။ လှည်းနားရောက်လျှင် ကျွတ်ဆတ်ဆတ် နွားနှစ်ကောင်မှာ အမြီး တဖြတ်ဖြတ်နှင့် ရှိသည်ကို တွေ့ရလေ၏။

"ဟင်. . . လှည်းကလည်း အမြင့်ကြီး"

လှရင်၏ ခပ်အုပ်အုပ် ပြောသံ ဖြစ်သည်။

"ကဲ. . . လာ. . ."

"အို. . ."

မောင်ထွန်းသည် သူ့ကလေးမကို လှည်းပေါ် ပွေ့တင်ရာ တင်ရိုး တင်စဉ်အတိုင်း မတင် အထုပ်ကလေး ပိုက်သလို ဇွေ့ကနဲ မြှောက်ထည့်ကာ ပါး နှစ်ဘက်ကို နှာဖျားတံဆိပ်နှိပ်ပြီးမှ တင်လိုက်သောကြောင့် ဖြစ်လေသည်။

ထို့နောက် မဲရိပ်ရိပ် လှည်းကလေးမှာ ပိန်းပိတ်အောင် မှောင်နေသော မှောင်မိုက်ထဲ၌ ရုတ်ခြည်း ပျောက်သွားတော့၏။

ထိုကဲ့သို့ ကြည့်မဝ ရှုမဝနိုင်သော သမီးလှ အပျိုပေါက်ကလေး လှရင် သူ့ရည်းစား နောက်သို့ မိဘကို ပုန်ကန်ခြားနား လိုက်၍ သွားခြင်းကြောင့် မဖွားသီ ခမျာမှာ ညီမ ချော့သည်ကိုမျှ မရ မဝ,ဝအောင်သာ ငိုနေတော့သည်။

မိန်းမဆိုသည်မှာ

မိဘသေ၊ သားသေ၊ သမီး လင်နောက် လိုက်ပြေးသော အရေးကိစ္စမျိုး တွင် မိန်းမများသည် လိုသလို ငို၍ရသော မျက်ရည်ကိုသာ ရေလည်းသုံးစမ် ဖြစ်လေသည်။

မဖွားသီမှာ ပူပူနွေးနွေး သူ့မျက်ရည် မြစ်ကြောင်းထဲ၌ သူ၏ငယ်စဉ်က ဇာတ်ထုပ်ဟောင်းကို ပြန်၍ မြင်ယောင်နေချေသည်။ ထိုဇာတ်ထုပ်ကား လွန်ခဲ့သော အနှစ်နှစ်ဆယ် နီးပါးခန့်က ဖြစ်၏။

ထိုစဉ်၊ ထိုအချိန်၊ ထိုအခါတုန်းဆီက ဖွားသီနှင့် ဖွားကြည် ညီအမနှစ်ယောက်မှာ မြင်းကပါရွာတွင် မြင်လိုက်လျှင် ကြိုက်ချင်စရာ ချောပါသည် လှပါသည် ဆိုသော အချောလှဆုံး အပျိုများ စာရင်းတွင် အဦးအဖျားနားဆီ၌ ပါလေသည်။ သို့သော် ညီမ ဖွားကြည်ကား အိမ်ထောင်ကျပြီး ဖြစ်သောကြောင့် သူ့ထက်ငါ သာ၍ လှသော တစ်နည်းဆိုလျှင် နဂိုအတိုင်း နေရာမပျက် အပျိုဘဝ၌သာ ရှိသေး၍ ဘုံပစ္စည်း တစ်မျိုးဖြစ်သော သူ့အမ ဖွားသီကို သာလျှင် ပိုးခွင့်ရှိသဖြင့် ဆိုင်၍နေသည့် မြင်းကပါ လူပျိုနှင့် မုဆိုးဖိုတို့သည် ပိုင်ချင်ဇော ကိုင်ချင်ဇောဖြင့် ရှေ့လောကြီးစွာ အရမ်းကာရော ပိုးကြကုန်၏။

ထိုသို့ ပိုးကြငြားသော်လည်း ဖွားသီမှာ နဂို ပဋိသန္ဓေကပင် တခြားမိန်းကလေးများထက် တည်ကြည် ခိုင်မြဲသည့်ပြင် မိဘစကားကို မြေဝယ်မကျ နားထောင်ကာ အိမ်တွင်း အချက်အပြုတ်နှင့် ရိုးရာ ယွန်းလုပ်ငန်းကို ဗိုင်းကောင်းကျောက်ဖိ အမ အကြီးဆုံးပီပီ ပိပိရိရိ လုပ်ပြီး အလိမ္မာ ဖက်နေသောကြောင့် ပိုးလေသမျှ မည်သူမျှ မသက်သာသာနှင့် အရွှာခံကြရလေသည်။ ထို မောင်တပ်လံတို့ အထဲတွင် စံဒွေးတစ်ယောက်သာ ဖွဲ့ အကောင်းဆုံး ဖြစ်၍ ဤဖွဲ့ကောင်းခြင်းကြောင့်ပင် နောက်ပိတ်ဆုံး ပန်းအဝင်တွင် မယ်ပပကို နှာတစ်ဖျားလောက်နှင့် မောင်ပိုင်စီးခဲ့နိုင်ချေသည်။

စလုံးရေ အစကို ဆိုရလျှင် ဖွားသီ အပျိုပေါက် စံဒွေး ရှင်လိုင်ပြန်၍ တစ်ညနေခင်း မြင်းကပါသူတွေ ရေခပ်ဆင်းချိန် မြစ်ဆိပ်နားတွင် သူတို့နှစ်ယောက် လူရှင်းနေတုန်း ဗြုန်းဆို တွေ့ကြလေသည်။ စုံးစုံးမြုပ်သွားသော နေလုံးလေးကို အနောက်ဘက်ရှိ တန့်ကြည့်တောင် ကန့်လန့်ကာ အနက်ထည်ကြီးက ထပ်မံ ကာထားပြန်ရာ မှေးမှိန်သည့် ရောင်ခြည်သည် မှိန်သထက် မှိန်၊ မှေးသထက် မှေးပြီးလျှင် လေအေးကလေးကလည်း အညောင်းဆန့်နေလေ၏။

"မ... မ... ဖွားသီ"

စံဒွေးက စာကလေးကို ကိုင်ပြီး ရေဆိပ်သို့ ခပ်သုတ်သုတ် ရေခပ်သွားနေသော မျက်နှာပုတ်ကြီးနှင့် ဖွားသီကို ခေါ်လိုက်ခြင်း ဖြစ်၏။ ဖွားသီသည်

စကားပြန်မပေး၊ စံဒွေးကား ဒူးတုန်လှပြီ။ တုန်ပင် တုန်ငြားသော်လည်း "စာဆိုတာ အလကားပါကွာ ဒီလက်နှစ်ဖက် ဘာလုပ်ဖို့တုန်း" ဟူသော ဝါဒကို လက်စွဲ ကျင့်သုံးသည့် သူ့ဘဒွေး ဖိုးဘငြိမ်းက ဘယ်စခန်း ရောက်လျှင် ဘယ်လိုလုမ်း၊ ဘယ်အကွက် ဆိုလျှင် ဘယ်လိုနက်ဟု အချက်ကျကျ သင်ပြပေးလိုက်သော "ဖိုးဘငြိမ်း သင်တန်းဆင်း" တစ်ယောက် ဖြစ်ချေ၍ အားတင်းထား၏။

ဖွားသီကား ရေအိုးကို စွက်ကနဲ ရေနှစ်ကာ ရွဲ့နေသော ခေါင်းဖုကိုမှ မပြင်အား ရွဲ့ရွဲ့လေး ရွက်ပြီး လာလမ်းအတိုင်း သုတ်ခြေတင်လေသည်။

"ဒီမှာ. . . မဖွားသီရဲ့"

တစ်မတ်ဖိုးမျှသော ထန်းရည် တန်ခိုးကြောင့် စံဒွေး ဒုတိယမ္ဘိ ပြန်၏။

"ကိုစံဒွေး ရှင်. . . နှမချင်းစာနော်"

"ချစ်လို့ပါဗျာ. . . နှမချင်းမစာလို့"

ထိုကဲ့သို့ ဖိုးစံဒွေး အိပ်မက်မက်ကောင်းနေခိုက် ကြမ်းပိုးကိုက်၍ လန့်နိုးချေသည်။ အကြောင်းကား ခရီးတစ်ဝက်တွင်ပင် ရေအိုးကိုယ်စီနှင့် မြင်းကပါသူ ဆူကြုံ နိမ့်မြင့်တို့ ရွာတံခါးမှ ဘွားကနဲ ပေါ်လာသောကြောင့်ပင်တည်း။

ထို့ကြောင့် ဖိုးစံဒွေးသည် နတ်သုဓာကို စားလက်စ တစ်ဝက်တစ်ပျက်က ရပ်ပြီး အောင်မြင်စွာနှင့် လူမမြင်အောင် လစ်ခဲ့ရတော့သည်။ သို့သော် သူ့မှာ အမြတ် ထွက်သွားချေပြီ။ ဒီတစ်ချီ ပွဲတိုးလိုက်သဖြင့် ရမှန်းသိ၍ စားကျင်းခွက်ကို ခဏခဏ လာနှိုက်သော နွားသိုး ဖြစ်နေတော့၏။ ထို့ပြင် သူ့အဖို့ တစ်ပန်းသာနေသော အချက် တစ်ချက်က ရှိသေးသည်။ ထိုအချက်မှာ မဖွားသီ အဖေ ဖိုးရွှေခါးနှင့် သူ့မွေးသဖခင် ဖိုးသာရင်တို့ လူကြီးချင်း ပလဲနံပ သင့်နေမှု ဖြစ်သည်။ ထိုမဟာ အခွင့်အရေးကြောင့် ညစဉ် ညစဉ် တံခါးမရှိ ဓါး မရှိ သူများထက် ပို၍ မဖွားသီတို့ အိမ်ကို အလည်သွားနိုင်၏။ အလည်သွားနိုင်သဖြင့်လည်း သွား၍ လည်လေတော့မည်။

ထိုထက် သူမသိဘဲ တစ်ပန်း တစ်ပန်းခွဲလောက်သာနေသော အချက်သော်ကား သူကစပြီး စာပေးလိုက်မှပင် ဖွားသီမှာ စံဒွေးကို တွေးမိ စဉ်းစားနေမိခြင်း ဖြစ်လေ၏။ ညိုစိမ့်စိမ့်နှင့် ယဉ်စစ ကိုစံဒွေးကို စဉ်းစားမိတိုင်း မဖွားသီ ပျိုမဒီလေး စိတ်ထဲဝယ် ဘာလိုလို ဟာသလိုလို ဆာသလိုလို ဖြစ်ဖြစ်သွားတော့သည်။

ထို ဘာလိုလို စိတ်မျိုးမှ ဟိုလိုစိတ်မျိုး ပြောင်းသွားဖို့မှာ မခဲယဉ်းလှ တော့။

စံဒွေးအဖို့ မဖွားသီတို့ အိမ်သို့ ညတိုင်း ညတိုင်း အလည်သွားရသည် မှာ နိစ္စဘတ်ဝတ် ဖြစ်လေသည်။ ရွာလည် ဝတ်ကျောင်းသို့ နိဗ္ဗာန်ချမ်းသာကို လို၍ ညစဉ်ညစဉ် ဝတ်တက်သွားကြသော ဆံဖြူ သွားကြွေ၊ ပါးရေ နားရေ တွန့်တွန့်လိပ်လိပ်နှင့် အဘိုးအို အမယ်အိုတို့ကမှ တစ်ညတလေ မိုးရွာလို့ ဘာလို့ဆိုပြီး ဝတ်ပျက်ချင် ပျက်တတ်သေးသည်။ ဖွားသီတည်းဟူသော လောကီနိဗ္ဗာန် အရသာတုံး အရသာခဲကြီးကို ဆာလောင်၍ အလည်သွားသော စံဒွေးကား တစ်ညမှ ဝတ်မပျက်ပေ။ ဘွားကနဲ ဘွားကနဲ သူ ကိုယ်ထင် ပြလာ ချိန်ကလည်း ကြက်တွန်သည်ထက် အချိန်မှန်သေးတော့သည်။

ဖွားသီ မမေ့နိုင်သော တစ်ည ဖြစ်၏။

ခြောက်ရက် လခြမ်းကလေးသည် မဝါ့တဝါနှင့် မသာ့တသာ ဖြစ်နေ ၏။ ဖိုးရွှေခါးနှင့် မယ်မင်းသွယ်တို့ တောင်ကုန်းသို့ ဘုရားကိုးဆူ ကပ်ရာ သွားကြသဖြင့် လည်းကောင်း၊ ဖွားကြည်မှာ အိုးအိမ်ခွဲသွားပြီ ဖြစ်၍ မောင် ကလေး ခင်မောင်ကလည်း အိမ်ကပ်သည် မရှိ လည်နေသဖြင့် လည်းကောင်း၊ ဖွားသီ တစ်ယောက်သာ အိမ်စောင့် ကျန်နေရစ်သည်။ သူသည် ရေနံချေး ဖြင့် ထွန်းအပ်သော မြေမီးတိုင်မှ မီးရောင်ဖြင့် ကွမ်းအစ်အောက်ခံများကို ခြေ ဆင်းထိုင်ရင်း ပန်းခက် ဖော်နေလေသည်။ အပေါ်အဖုံးများမှာ သူ့လက်ကလေး ဖြူဖြူဖွေးဖွေးနှင့် သေးသေးသွယ်သွယ် စုတ်ချောင်းတို့ ပေါင်းသင်း စပ်ယှက်၊ အလုပ်လုပ်ထားချက်ကြောင့် နေ့ခုနစ်နေ့၏ ဂဠုန်ရုပ်၊ ကျားရုပ်၊ နဂါးရုပ် စသည်တို့သည် ချာလည်ပတ်လည် ပြုံးပြုံးရယ်ရယ် ထင်နေကြသည်။

ယွန်းထိုးလက်စ ပန်းခက်ကလေးများမှာ တစ်သဝေမတိမ်း တူကြ၍ နီနီရဲ ကွမ်းအစ်ပေါ်မှ ထိုပန်းခက်များ မီးရောင်အောက်တွင် အလှဖွဲ့နေသလို ဖွားသီ လက်ချောင်းကလေးတွေကလည်း နွဲ့နွဲ့နှောင်းနှောင်း အလုပ်များနေ ကြ၏။ ထိုသို့ ပန်းခက်ဖော်နေရင်း တောင်တောင်အီအီ စဉ်းစားရာမှ ကိုစံဒွေး ကို သွားသတိရမိလေသည်။ သတိရမိသည် အလျောက်လည်း အမှတ်မထင် တံခါးဝဘက် လှည့်ကြည့်လိုက်ရာ လား. . . လား. . . ကိုယ်တော်ချော ပြုံးဖြဲဖြဲနှင့် မားမားကြီး ရပ်နေသည်ကို တွေ့ရတော့သည်။ ဖွားသီရင်ထဲ ဒိတ်ကနဲ ခုန်သွား၏။

"အရီးတို့ ဘယ်သွားလဲ မဖွားသီ. . ."

"ဟိုတောင်ကုန်းက ဘုရားကိုးဆူတဲ့. . ."

စံဒွေးကား ဝက်သားအိုးနှင့် ပက်ပင်းတိုးချေပြီ။ သူသည် အခန်းတွင်းဝင်ထိုင်ကာ သူ ချစ်အပ်၊ မြတ်နိုးအပ်၊ အဖိုးထားအပ်သော သူ့အသက်ဗူး ဖွားသီ တစ်ကိုယ်လုံးကို ရွှန်းရွှန်းစားစား စူစူးစိုက်စိုက် မိုက်မိုက်ကန်းကန်း ကြည့်နေလေသည်။

မတောက်တစ်ချက် တောက်တစ်ချက် မီးခွက်မီးရောင်က ဝင်းဖန့်ဖန့်။ ထို ဝင်းဖန့်ဖန့် မီးရောင်ထဲ၌ နဂိုဝင်းဝါဝါ အသားပေါ်တွင် ဝါလွင်လွင် သနပ်ခါးရေကြဲ လိမ်းထားသော ဖွားသီကို စံဒွေးသည် သူ့မျက်စိအစုံတွင် စိတ်ကူးနှင့် မြင်ဖူးသည့် သုဇာတာလည်းမက၊ ဆယ့်ငါးရက် လမင်းကြီး ရှေ့နား ရောက်နေသလို ဘာလိုလိုနှင့် ချစ်စရာ အလှတုံး အလှခဲကြီးဟု မှတ်ယူ ထင်မြင်လေတော့၏။

ဖွားသီမှာ ရှက်သွေးမွှန်ပြီး မျက်နှာ မထားတတ်။ ခဏနေမှ အရှက်ပြေအောင် အနီးမှ ယောဖက်ဖြူ တစ်လိပ်ကို မီးညှိတည်ကာ လေပြေ ထိုးလိုက်ရသည်။ သို့သော် စံဒွေး သောက်ချင်သည်ကား ဤဆေး မဟုတ် ဟိုဆေး။

သူသည် ဟန်ကိုယ်ဖို့အတိုင်း ဆေးလိပ်ကို ယူသောက်လိုက်ပြီး နှစ်ပါးသွားနိုင်ရန် ဆိုနေကျ သီချင်းကို အစက မဆို၊ အလည်လောက်က ကောက်ဆိုလိုက်လေသည်။

"ခု သီတင်းကျွတ်ရင်ဖြင့် ကိုစံဒွေး စောင့်ရကျိုးနပ်ပါလိမ့် ထင်ပါရဲ့ နော်. . ."

"ဖွားသီ ဘယ်နှစ်ခါ ပြောရမလဲ ကိုစံဒွေးရယ်. . . အသက်ငယ်သေးလို့ ဒါတွေ ဘာမှ မစဉ်းစားသေးပါဘူး"

"ဒါဖြင့် မမျှော်လင့်နဲ့တော့လား"

"ဖွားသီ အဖို့ကတော့ အမေက ဖြူဆိုတဲ့လူ ဖြူ၊ မဲဆိုတဲ့လူ မဲ၊ ဘယ်သူ့မှရယ်လို့ မဟုတ်ပါဘူး။ ငယ်ငယ်ကတည်းက ဒီစိတ်ပါပဲ"

"မိဘပေးစားတာက တခြားပါ မဖွားသီရာ၊ ကိုစံဒွေး သိချင်တာက ကိုစံဒွေးရဲ့ မေတ္တာကို လက်ခံနိုင်ပါဦးမလား ဆိုတာ"

"မိဘပေးစားတဲ့လူဟာ ဖွားသီ မေတ္တာရှိတဲ့လူ ဖြစ်ရမှာပေါ့ ကိုစံဒွေးရယ်. . ."

ဒီလို ပိတ်ပြောလိုက်သဖြင့် ဖိုးစံဒွေး ငိုင်ကျသွားလေသည်။ သို့သော် မဖြစ်စေချင်ကာမှ ကြံဖန် ဖြစ်လာတတ်သော ဓမ္မတာအတိုင်း။ ထိုအခိုက်၌

ပင် ဖြုန်းဆို ဝင်ဆောင့်လိုက်သော လေသရမ်းကြောင့် တံခါးတစ်ဘက် ဝုန်းက နဲ ပိတ်ခါ မီးခွက်ခမျာလည်း ဟုတ်ကနဲ ငြိမ်းသွားလေ၏။

ထိုအခါ ဖူးစာရေးနတ်သည် ဂွမ်းလေးပတ်မျှ ပစ်လိုက်လေသည်။

တကယ်ဆိုလျှင် ဖွားသီသည် မီးခွက်ကို ပြန်ထွန်းဖို့ ကောင်းသည်။ အမှန်ကောင်းသည်။ အစဉ် သူ ဘုရားစူး မိုးကြိုးပစ် တကယ့်ကို ပြန်ထွန်း မည် လုပ်ပါသေးသည်။ သို့သော် မီးပြန်မထွန်းရခင် သူ့ထက် အဆများစွာ သာ၍ လျင်မြန်သော ဖိုးစံဒွေးက မှောင်မိုက်မိုက်ထဲဝယ် သူ့အား ပွေ့ပြီးပိုက် ပြီး ဖြစ်နေတော့သည်။ မချစ်နိုင်ပါဘူးဟု ခါးခါးမသီးကတည်းက ရိပ်မိသော လူပါး ဖိုးစံဒွေး၏ နှာခေါင်းသည် ထိုအခိုက်ကလေးတွင်ပင် သူ့ပါးနှစ်ဖက် ကို နှုတ်ဆက်ပြီးသွား၍ ကစားနိုင်လှသည့် လက်ကြီးကလည်း ဆိုင်ရာဆိုင်ရာ သို့ အချိန်မီ ရောက်နေလေ၏။

"ဖွားသီခမျာ တရှုံ့ရှုံ့သာ ငိုနိုင်ရှာတော့သည်"

"ချစ်လွန်းလို့ပါ မသီရာ. . ."

ဒီလို ကြုံပေမဲ့ ဖွားသီ စကားပြန်မပြော ငိုမြဲ ငိုနေ၏။ မျက်ရည် စို့ရွှဲနေသော သူ့အား အနောက်ဘက် ထရံ တံခါးပေါက်မှ ခြောက်ရက် လ ကလေးသည် စပ်ဖြဲဖြဲနှင့် သရော်နေလေသည်။

ထိုညကား. . . ဖွားသီ မမေ့နိုင်သော တစ်ည။

. . . . . . . . . . . . .

ဖော်ပြခဲ့သည့်အတိုင်း တစ်ယောက်နှင့် တစ်ယောက် ချစ်နေပါလျက် ဖွင့်မ ပြောခဲ့ကြဘဲ တစ်ညကျကာမှ ရှောင်တခင်တွေ့ပြီး ကတိုက်ကရိုက် ကာယကံ မြောက် သမီးရည်းစား ဖြစ်လာခဲ့ရသော ဖိုးစံဒွေးတို့၏ ဇာတ်ထုပ်မှာ အစီ အစဉ်အတိုင်း ဆိုလျှင် ကကြီးမှနေ အ အထိ သွားဖို့ကောင်းသည်။ သို့သော် ယခုကား ထိုသို့ မဟုတ်၊ ဝ သို့ ဝင်ကာနီးမှ ကကြီးဘက်ဆီသို့ ပြန်လှည့် ခဲ့ရပြန်သည်။

အကြောင်းကား ဖိုးစံဒွေး မိဘနှင့် သူ့ယောက္ခမတော်လောင်း ဖိုးရွှေခါး တို့သည် ပြောင်းကြဲ၍မှ ကောင်းကောင်း မပေါက်သည့် ယာကလေး မဖြစ် စလောက်နှင့် ပတ်သက်ပြီး သူပိုင်သင့် ငါပိုင့်သင့် ငြင်းခုံရင်း ရုံးရောက်သည့် တိုင် အမှုအခင်းဖြစ်ကာ ခွာပြဲကြလေသည်။ တစ်နေ့တွင် ဖိုးသာရင်သည် ဖိုးရွှေခါး အိမ်သို့ ဒေါကြီးမောကြီး ရောက်လာ၍ အခန့်သင့် တွေ့သော

ဖိုးရွှေခါးကို

"ကောင်းရော့လား ကိုရွှေခါးရယ်. . . ခင်ဗျားလုပ်ပုံ။ မကျေနပ်ရင် အစကတည်းက ပြောပါလားဗျာ. . . ခုတော့ ပြောင်းတွေ ရိပ်ခါနီးဆဲဆဲမှာမှ ဖျက်လို ဖျက်ဆီးလုပ်တာ ဒါ လူကျင့်ကျင့်တာ မဟုတ်ဘူး မောင်ရွှေခါးရ"

"ဘာတုန်း ကိုရင်သာရ ဘာတုန်း ဘာဖြစ်လာတာတုန်း. . ."

"ဟော့ မောင်ရွှေခါး မောင်ရင့် လုပ်သားက ကျုပ်ပြောင်းတွေကို နွား တွေလွှတ် လူဝင်ရိတ်နဲ့ ဘာလုပ်တာလဲ မေးတော့ ကိုယ့်ယာ ကိုယ်ရိတ်သတဲ့ ချီး. . ."

"ဩော. . . နေစမ်းပါဦး၊ အဲဒီဟာက ကိုရင့် ယာလား"

"ကျုပ်ယာ မဟုတ်လို့ တယ်လေ မပြောလိုက်ချင်ဘူး။ ကောင်းပြီ မင်းမဲ့တိုင်းပြည်မှ မဟုတ်ဘဲ ဆိုင်ရာက စကားပြောကြတာပေါ့"

ဤသို့ စကားကို တိုတိုဖြတ်ပြီး ဖိုးသာရင် ပြန်သွားလေ၏။ ဒီ မီးပွား ကလေးမှာ စတင်၍ တစ်ဦးနှင့် တစ်ဦး ငွေကုန်ကြေးကျခံကာ အမှုဖြစ်သည့် တိုင် ကမ္ဘာမီးလောင်တော့ရော ထိုမီးတောက်သည် မောင်စံဒွေးကို အမြိုက်ဆုံး ဖြစ်ချေ၏။

ဖွားသီ အမေ မရွှေသွယ်ကလည်း စံဒွေး အပေါ်တွင် ယခင်က "ဒီ ကိုသာရင့် သားကလေး ရိုးပုံရိုးလက်နဲ့ အတော်သား" ဟု အောက်မေ့ရာမှ ယခုအခါ မိမစစ် ဖမစစ် ခွေးမျိုးကများ ငါ့သမီးကို ရာရာသသ" ဆိုသော အဖြစ်မျိုးသို့ ပြောင်းလဲသွားသောကြောင့် ညစဉ် မျက်နှာချင်းဆိုင်ကာ ကြုံ ရသော အခွင့်အရေး၊ အချိန်မရွေး တွေ့နိုင် အချစ်ပျိုးနိုင်သော အခွင့်အရေး စသည့် အခွင့်အရေး ပေါင်းစုံတို့ ဖိုးစံဒွေးအဖို့ ပိတ်သွားလေတော့သည်။

. . . . . . . . . . . . .

ကိုစံဒွေးအဖို့ ထိုအခက်အခဲတွေထဲမှ အခက်တကာ့ အခက်ဆုံးမှာ သူ၏ မစွံ့တစွံ့ ရည်းစားလေး မဖွားသီက မုန်းပင်ကြီး ပေါက်ပြီး မုန်းသီးတွေ သီးနေခြင်းပင်တည်း။ တစ်ရက်ကို အနှစ်တစ်ရာမျှ ထင်နေရသော ယခုလို အခါမျိုးတွင် တား၍ တောင်းပန်၍ မရသော ရက်များသည်။ မကြာခင် ကုန်၍ ကုန်၍ သွားကြလေရာ သီတင်းဝါလပင် ကျွတ်ခါနီးချေပြီ။ ယခင်က အစီ အစဉ်အတိုင်း ဖြစ်ငြားသော်လည်း အလျှော့ မပေးတတ်သော ကိုစံဒွေးသည် ဆီလို အပေါက်ရှာကာ အခွင့်အရေးကို စောင့်နေခဲ့၏။ ထို့ကြောင့် တစ်ညနေ

ဖွားသီ တစ်ယောက်ထဲ ရေခပ်ရာမှ ပြန်လာသည်ကို တွေ့သဖြင့် နောက်မှ ခပ်သုတ်သုတ် အမှီလိုက်ရာ ရွာနှင့် မလှမ်းမကမ်း ဇရပ်ကလေး အနီးတွင် မှီလေ၏။

"မသီ. . . နေပါဦး မသီရဲ့ စကားလေး တစ်ခွန်း ပြောချင်လို့ပါ"

ဖွားသီကား လှည့်၍မှမကြည့် သွားမြဲ သွားနေ၏။ စံဒွေးသည် ဘာမှ ပြောမနေတော့ဘဲ ဖွားသီ၏ လက်တစ်ဖက်ကို ဆွဲကာ ဇရပ်ဆီ ခေါ်လာခဲ့၍ ခေါင်းပေါ်မှ ရေအိုးကို အသာချပေးလေသည်။ ဖွားသီလည်း ထို အခါမှ ထိုင်လိုက်ရပြီးလျှင် မျက်နှာထားနှင့်ပင်

"ကဲ. . . ပြောစရာရှိတာ မြန်မြန် ပြောပါ"

'ပြောပါမယ် မသီရယ် ဒါလောက်လည်း အရေးမကောင်းပါနဲ့'

ဤသို့ပြောရင်း စံဒွေးသည် ဖွားသီ ဘေးတွင် ထိုင်ရာ ဖွားသီသည် လူ ချင်း မထိအောင် တစ်ထွာတစ်မိုက်ခန့် ရွှေ့ထိုင်လိုက်၏။ အပြုအမူကလေး သည် စံဒွေး၏ အသဲကို ဆွဲဆောင်လိုက်သလို အောင့်သက်သက် ဖြစ်စေ လေရာ သူသည် ဝမ်းနည်းရောင်သမ်းသော မျက်လုံးများဖြင့်သာ စူးစိုက် ကြည့်နေတော့၏။

"စိမ်းကားပါ မသီရယ်. . . စိမ်းကားပါ။ ဒါထက် ကိုစံဒွေး မေးချင် ဒါက အရိုးတို့က မသီကို ဟို. . . ကိုဘိုးအောင်နဲ့ နားချနေကြတယ် ကြားလို့"

"ဖွားသီတော့ မသိရသေးဘူး၊ သူတို့ လူကြီးတွေ စီမံနေကြဟန် တူပါ ရဲ့။ ဖွားသီအဖို့ကတော့ မိဘစကား နားထောင်ရမှာပေါ့"

"ဒါဖြင့် ကိုစံဒွေးကိုတော့ အရင်ကလို ချစ်လည်း မချစ်နိုင်၊ သနား လည်း မသနားနိုင်တော့ဘူးပေါ့"

"ကိုစံဒွေးကို ဖွားသီ ပြောဖူးတယ် မဟုတ်လား၊ မိဘစကားကိုတော့ ဘယ်အခါမှ ငြင်းပယ်မှာ မဟုတ်ဘူးလို့။ ကိုစံဒွေးကို မုန်းလဲ မမုန်းပါဘူး။ ဒီမြေကြီးပေါ်မှာ ဖွားသီ ဘယ်သူမှ မမုန်းဘူး"

"ဒီလိုဆိုရင်လည်း ကိုစံဒွေး ခေါ်ရာကိုပဲ လိုက်ခဲ့ပါလား"

"အဲ့ဒီလိုတော့ မဖြစ်ဘူး ကိုစံဒွေး။ ဖွားသီဟာ ဘယ်တော့မှ မိဘ မျက်နှာ အိုးမဲသုတ်မဲ့ မိန်းမစား မဟုတ်ဘူး"

ပြောပြောဆိုဆိုပင် ဖွားသီသည် ရေအိုးကို ခေါင်းပေါ်ရွက်ကာ ထွက်၍ သွားလေ၏။ ထိုကဲ့သို့ အထုပ်ပိုက်၍ လိုက်ခဲ့ပါတော့ဟု ချစ်၍ ခေါ်သည်ကို မိဘက ပေးစားလျှင် ဘယ်သူ့ကိုမဆို ဘာဘဲ မပါပါ 'လင်' ဟူ၍ မှတ်ယူ

ပေါင်းသင်းမည့် မဖွားသီ အပျိုချောကလေးက ခေါင်းယမ်းလိုက်သဖြင့် သူ့ ခမျာ အောင့်သက်သက်သာ ဆန့်တငံ့ငံ့ ဝေဒနာ ခံစားရလေသည်။ သူသည် ခေါင်းငိုက်စိုက်ကျကာ ရွာအရှေ့ဘက် နီတာတို့ တဲဆီလာခဲ့ရာ ခေါင်းပေါင်း ဖြူ အသင့်ပေါင်းပြီးသား ထန်းရည်တစ်အိုး တွေ့သည်နှင့် စိတ်ညစ်ညစ် ရှိ သည်အလျှောက် ငုံ့၍ငုံ့၍ သောက်နေလေ၏။ အတော်ကြာသောအခါ သူ့ ဘဒွေး ဖိုးဘငြိမ်း ရုတ်တရက် ပေါက်လာ၏။

"ဟ စံဒွေး၊ ငါဖို့ ချန်ပါအုံးဟ ချီးမပဲ"

"ဟာ ဘဒွေး. . . လာ. . . လာ. . . ရှိပါသေးတယ်ဗျ"

ဖိုးဘငြိမ်းသည် ထန်းရည်အိုးကို ခွထိုင်လိုက်သည်။

"မင်း မကောာ ခု ဝါကျွတ်ရင် တောင်းမယ် မဟုတ်လား"

"ခက်သားပဲ ဘဒွေးရာ. . . ဒီလို ဖြစ်နေတယ်ဗျ"

စံဒွေးသည် သူ၏ ပူပူနွေးနွေး ဇာတ်ထုပ်ကလေးကို နှပ်ကလေး တ ရှုပ်ရှုပ် နှာစားမြုံ့ပြန်လေသည်။ အဆိုပါ ခြင်းရာများကို ဖိုးဘငြိမ်း ကြား လေရာ

"အံမာ. . . ဒါလောက်နဲ့များဟာ. . . ဘဒွေး တစ်ယောက်လုံး ရှိပါ သေးတယ်ကွ။ အားငယ် မနေစမ်းပါနဲ့" ဟု မြှောက်ပေးလိုက်၏။

နောက်. . . သူတို့ နှစ်ယောက် ခေါင်းချင်းရိုက်လိုက်၊ ထန်းရည်ကို မော့လိုက်နှင့် စီးဝါးကိုက်နေကြသည်မှာ လုံးလုံးကြီး မှောင်သည့်တိုင် ဖြစ် တော့၏။

. . . . . . . . . . . . .

တော်သလင်းလဆန်း တစ်ဆယ်နဲ့ လေးရက်

မြင်းကပါ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် မနူဟာပွဲအတွက် လုံး ပန်း ကြပြန်ပြီ။ မြင်းကပါသူ မဖြူ့တဖြူတို့ မုန့်ဖြူ၊ မုန့်နီများကို အကွင်း လိုက် အကွင်းလိုက်က တစ်မျိုး၊ အချပ်လိုက် အပြားလိုက်က တစ်တန် ကြော် ကြ ရပြန်ပြီ။

ညနေခင်း နေမဝင့်တဝင် တိမ်တောက်နေသည့် ပျိုကြောက်ချိန် ဖြစ် သည်။ ပြေပြေသာ နီသဖြင့် နီပြေပြေ ဖြစ်နေသာ ထိုတိမ်ရောင်အောက်၌ အာနန္ဒာ၊ သဗ္ဗညု၊ မဟာဗောဓိ အစရှိသဖြင့် ပုဂံဘုရားများသည် ဆေးရောင် စုံ ဟပ်လျက် သပ္ပာယ်စွာပင် ရပ်တည်တော်မူ ကြကုန်၏။ ထို စေတီပုထိုး များ ကြားမှ ပူပြင်းလွန်းသည့် အညာ ဥတုကြောင့် ဩဇာတတ် ခြောက်သော

ပုဂံမြေပေါ်တွင် ခပ်ကျဲကျဲ ထနောင်းပင် ကလေးများသည် စီရရီ ပေါက်နေကြပြန်သည်။

မိန်းမပျို တစ်ယောက်သည် မြင်းကပါရွာဘက်မှ သဗ္ဗညုဘုရားဘက်ဆီ တောလမ်းကလေးအတိုင်း တစ်ယောက်ထီးတည်း လာနေ၏။ အဖော်မပါ ဒီလိုအချိန် ဒီလိုခရီးကို သွားနေသူမှာ မည်သူများပေနည်း။ သူ့ကိုကြည့်ရသည်မှာလည်း နှာတံကလေး အနေအထား၊ လက်လွဲပုံ ခြေလှမ်းလှမ်းပုံမှစ၍ ကိုယ်လုံး ကိုယ်ပေါက် ကျစ်ကျစ် ဖြစ်နေပုံတို့မှာ ဖွားသီနှင့်ချွတ်စွပ် တူလေတော့သည်။ သေသေချာချာ ကြည့်လိုက်ပါလျှင် သူကားဖွားသီမှ ဖွားသီ အစစ်။

ဖွားသီသည် နေဝန်းသို့ ပြန်ကြည့်ပြန်ကြည့်နှင့် ခပ်ကြော့ကြော့ သွားနေရာ သူသွားနေရာနောက်သို့ လှည်းယဉ်ကြော့ကြော့ကလေး တစ်စီးသည် ခပ်မော့မော့ ခပ်ဆော့ဆော့ လိုက်နေ၏။ ထိုလှည်းကလေးကို မြင်ကာမှ သူ့ရင်ထဲ ဖိုသလိုလို ငိုချင်သလိုလို တုန်တုန်ရီရီနှင့် ဒူးချင်းပင် ခတ်မိ တိုက်မိပြန်သည်။ လှည်းကလေးသည် ကြည့်ရင်းကြည့်ရင်း နီးနီးလာ၍ အနားရောက်လာ၏။

လက်စသတ်တော အိမ်ရှေ့နှင့် သိက္ခာနှင့် လှည်းမောင်းလာသူမှာ ဖိုးဘငြိမ်း ဖြစ်ချေသည်။ လှည်းကလေးမှာလည်း ယာသမား၊ လှည်းသမား၊ နွားကျောင်းသားများနှင့် လားလားမျှ မထိုက်သော ဘုန်းကြီးစီး လှည်းကလေးဖြစ်၏။ ပွတ်ခံထားသည့် လှည်းရံတိုင်များမှာ ကွေး၍ ကော့သဖြင့် ကော့၍ပျံနေကြသည်။ ဘက်ညီဟန် တူသော မပုမအိုင့် တဖိုင့်ဖိုင့်နှင့် ကျားကျားယားယား နွားတစ်ရှဉ်းသည် ခေါင်းကလေး ဆတ်ခါဆတ်ခါ သွားနေသောကြောင့် ထိပ်ကုပ် ချူလုံး စသည်တို့မှ ချူသံကလေးများကလည်း မတိုးမကျယ် မြည်နေကြ၏။ လှည်းပေါ်တွင် ကော်ဇောတစ်ချပ် ခင်းထားသည်။

ဒီလှည်း၊ ဖွားသီ၊ ဘုရားများ သူတို့အားလုံး အပေါ်သို့ အမှောင်သမ်းစပြုနေပြီ။

ဖိုးဘငြိမ်းက စကားစလိုက်သည်။

"တဲ့. . . ဖွားသီ အဖော်မပါ ဘာမပါနဲ့ ဘယ်တုန်းဟဲ့. . ."

"ဟင် အရီးငြိမ်းပါလား ကျမ ဒွေးလေးမယ် တော်တော်နေဆိုးတယ်ဆိုလို့ တောင်ဆီသွားမလို့ အရီးငြိမ်းကော ဘယ်တုန်း"

"ငါလည်း နက်ဖြန်မနက် ဘုန်းကြီးစောစော ပင့်ရအောင် ခုညကတည်း

က ရွှေကျောင်းသွား အိပ်မလို့။ နင် အဖော်မပါရင် လှည်းနဲ့ လိုက်ခဲ့ပါလား တောင်ဆီနဲ့ ရွှေကျောင်းဆို အတူတူပဲဟာ"

"နေပါစေ အရီးငြိမ်းရယ် ခုရောက်တော့မှာပါ"

"ဟဲ့. . . မိုးချုပ်လှပြီဟဲ့ နင်မို့ တစ်ယောက်တည်း သွားရဲတယ် လာလာ လှည်းပေါ်တက်"

ဖွားသီသည် လှည်းပေါ်သို့ တက်လိုက်၍ စိတ်ချလက်ချ နေဝန်းဘက် လှည့်ကာ တင်ပါလွှဲထိုင်ပြီး လိုက်ပါသွားသည်။ ဤသို့ ခပ်သွက်သွက် မောင်းလာခဲ့ရာ ထမင်းအိုးတစ်လုံး မကျက်တကျက်မျှ ကြာလျှင် ပုဂံ အရှေ့ဘက် ရောက်သွားကြသည်။ ထိုအချိန်တွင် ညီအစ်ကို မသိ တသိမှသည် ညီအစ်ကို လုံးလုံး မသိသို့ ရောက်အောင် မှောင်နေပြီ ဖြစ်၏။ ထိုမှောင်တည်းမှ သူရဲလိုလို တစ္ဆေလိုလို လူတစ်ယောက် ဘယ်က ဘယ်လို ပေါက်လာသည် မသိ လှည်းပေါ် တက်ထိုင်လေသည်။ သူ့ပါးစပ်မှ ထန်းရည်နံ့သည် ဖွားသီ၏ ငယ်ထိပ်ကို သွေးရောက်သွားစေ၏။

ထိုသူကား ဖိုးစံဒွေးဖြစ်ကြောင်း မှောင်မဲမဲထဲ၌ပင် ဖွားသီ မြင်ရလေသည်။ ဖွားသီ အရှင်လတ်လတ် ဘဝကူးချေပြီတကား။ သူ့ဝမ်းနည်းလာ၍ ငို၏။ နောက် ရန်တွေ့၏။

"အရီးငြိမ်း ဖွားသီကို ဘယ့်နှယ်လုပ်ကြတာတုန်း" ထိုအမေးကို ဖိုးဘငြိမ်း မဖြေ။ မောင်စံဒွေး ဖြေ၏။

"ဒီတစ်လမ်းထဲ ရှိတော့လို့ပါ မဖွားသီရာ. . . အရီးတို့က ဘယ်နည်းနဲ့မှ သဘောမတူဘူးဆိုတာ သိတော့ ခုလိုပဲ ကြံရတော့တာပေါ့။ ကိုစံဒွေးကို စိတ်ဆိုးချင်သလို ဆိုးပါတော့ မသိရယ်"

"လုပ်မှ လုပ်ရက်ပလေ ကိုစံဒွေးရယ် ဖွားသီတော့ ခွေးဖြစ်ပါပေါ့"

ဖွားသီမှာ မျက်ရည်ကိုသာ တွင်တွင် သုတ်ရတော့သည် ရှိုက်ကာ ရှိုက်ကာ ငိုနေသော သူ့အား စံဒွေးသည် ရင်ခွင်ထဲ ပွေ့ယူ ဖက်ထားပြီး တတွတ်တွတ် တောင်းပန်လေသည်။ မှောင်မိုက်ထဲ၌ ဖိုးဘငြိမ်း၏ လှည်းယဉ်ကြော့ကြော့ကလေးသည် သူတို့ နှစ်ယောက်အား အရှေ့တောင် အာရှဆီသို့ မော့မော့ကလေး သယ်ဆောင်သွား၏။

တကယ့် တကယ် ဆိုလျှင် ဖွားသီသည် စံဒွေးအား ဟိုတစ်ခါ စလုံးရေစပြီးကတည်းက မေတ္တာရှိနေ၏။ သို့သော် တင့်တင့်တယ်တယ် လူကြီးစုံရာနှင့် တောင်းယူစေလိုသည်။ ခိုးထွက်ပြေးခြင်းကို နည်းနည်းမျှ သဘော

မကျ၊ စိတ်ကူးယုတ်ညံ့ မိုက်မဲသည်ဟု ယူဆသည်။ ထိုသို့ ယူဆသောကြောင့် ယခင် စံဒွေးက လိုက်ခဲ့ပါတော့ဟု ခေါ်စဉ် ခေါင်းကိုသာ တွင်တွင်ယမ်းခဲ့၏။ စံဒွေးကား မင်္ဂလာဆောင်လည်း လင်မယား၊ နိုးယူ ထွက်ပြေးလျှင်လည်း လင်မယား၊ ကာယကံမြောက် ညားလိုက်လျှင် လင်မယား ဘဝ ရောက်သည်။ လင်မယားချင်း အတူတူ ညားဖို့သာ အရေးကြီးသည်ဟု ရှင်းရှင်းကြီး ယုံကြည်၏။ ထိုကြောင့်သာ ခုလို အပါသုတ်ခြင်း ဖြစ်ချေသည်။

ဖွားသီတွင်ကား တံထွေးခွက်ထဲ မျောခဲ့ပြီးဖြစ်ရာ ရွံနေ၍ မပြီးတော့။ မျောလက်စနှင့် ဆူးခလုတ် မငြိဘဲ လမ်းဆုံးထိ မျောဖို့သာ ရှိတော့သဖြင့် အသာအယာ မရှိုက် မငို လိုက်ပါသွားရတော့သည်။ သန်းခေါင်ကျော်ကျော်တွင် သူတို့၏ လှည်းကလေးသည် လက်ဝဲရွာတွင်းသို့ ဝင်သွားကာ ရွာတောင်ဖျား ဝါးကပ်မိုး ထရံကာ အိမ်တစ်ဆောင် ရှေ့တွင် ရပ်လိုက်လေသည်။

စံဒွေးက ဖွားသီကို လှည်းပေါ်မှ ပွေ့ချပြီး အိမ်ပေါ် ဆွဲခေါ်သွား၏။ သူတို့တက်လာပြီး မကြာခင်ပင် အရွယ်ခပ်ကြီးကြီး လူတစ်ယောက်သည် မီးခွက်တစ်ခွက်နှင့် ခုံပိုင်းလေး တစ်ခုပေါ်တွင် ထမင်းဟင်းများ ပြင်ပေးလာသည်။ ဖိုးဘငြိမ်း လှည်းကလေးကား ဘယ်ဘက် မောင်းသွားသည် မသိလိုက်ရ။

"ကဲ. . . မသီ ထမင်းစားရအောင်"

"ဟင့်အင်း. . . ညနေက စားခဲ့လို့ မဆာဘူး၊ မစားတော့ဘူး"

"ဒီလိုဆို ကိုစံဒွေးလည်း မစားတော့ဘူး၊ အရီး ထမင်းပွဲ ပြန်သိမ်းလိုက်ပါဗျာ"

ယခင် လူကြီးသည် ဟုတ်ကဲ့လည်းမဆို ခေါင်းလည်းမညိတ် ထမင်းပွဲကို ပြန်သိမ်းပြီး အောက်သို့ ဆင်းသွားလေ၏။ စံဒွေးတို့ နှစ်ယောက်တည်းသာ မီးခွက်နှင့် ကျန်ရစ်ခဲ့သည်။

ကြက်လူပျိုပေါက်မှစ၍ ကြက်အဖိုးအိုအထိ တစ်ရွာလုံး ကြက်ဖများသည် သန်းခေါင်ကျော်ပြီ အိပ်သင့်ပြီဟု ဖွားသီ ကျောချမ်းအောင် ကျွက်ကျွက်ညံ ကြေညာကြလေသည်။

စံဒွေးသည် ဝါးကနဲ တစ်ချက်သမ်းလိုက်ပြီး အသနားခံလင့်၏။

"ကိုစံဒွေး အိပ်ချင်ပြီ မသီရယ်. . . အိပ်ကြပါစို့. . ."

ဖွားသီရင်တွင် ဘလောင်ဆူချေပြီ။ သူ့ဘာမှ ပြန်မပြောတတ်။ သူမြင်ရ သိရသည်ကာ စံဒွေး မီးခွက် မှုတ်ပြီး သူ့အား အခန်းတွင်းသို့ ပွေ့ချီသွား

ခြင်းပင် ဖြစ်၏။ အခန်းထဲ ရောက်သောအခါ စံဒွေးသည် အသင့် ခင်းထားသော အိပ်ရာပေါ်သို့ ထိုင်ချလိုက်၏။ ဖွားသီကိုကား ပွေ့မြဲပွေ့ထားပြီး မို့အိအိ ပါးနှစ်ဖက်ကို အားရှိပါရှိ သနပ်ခါးကုန်သည်အထိ မလွှတ်တမ်း နမ်းလေသည်။

သို့သော် သူ၏ နမ်းခြင်းသည် မနောက်သာ မြောက်ခြင်းကြောင့် ဖွားသီ မသိလိုက်၊ အမှန်မှာ သူသည် မှောင်ရိပ်ထဲဝယ် ရေးရေးသာ ဖွေးနေသော ဖွားသီ၏ ဝိုးဝါးမျက်နှာကလေးနှင့် ကိုယ်လုံးကလေးကို ပီတိလွှမ်းရင်း စူးစိုက်ကြည့်နေခြင်းသာ ဖြစ်သည်။ နွေးနွေးကလေး မှုတ်ထုတ်လိုက်သော ဖွားသီ နှာခေါင်းပေါက်မှ ထွက်သက်လေညင်းပင် သူ့အဖို့ ဘာနှင့်မျှ မနှိုင်းယှဉ်လောက်အောင် နှစ်သိမ့်စရာ ကောင်းနေသည်။ ထို့ကြောင့် သူသည် တစ်ညလုံး ယခုလို ပွေ့လိုက်ပြီး စူးစိုက် ကြည့်နေနိုင်ချင်မှ နေနိုင်ပေမည်။

ထိုအချိန် ထိုအခါ ထိုလိုမှ စ၍ ဖွားသီခမျာ နဂိုအတိုင်း နေရာ မပျက်သေးသည့် အပျိုဘဝမှ ဒီရပ် ဒီရေသည် ကိုယ်ခန္ဓာ အိစက်စက်နှင့်ပင် ဟိုလို ဖြစ်ရပျက်ရသော အအိုဘဝသို့ အရှင်လတ်လတ် ရောက်ခဲ့ရသည်။ တစ်နည်းဆိုလျှင် လူ့စာရင်းတွင် စံဒွေး၏ တစ်ဦးတည်းပိုင် ပစ္စည်းအဖြစ်သို့ ရောက်ချေပြီတကား။

မြင်းကပါ တစ်ရွာလုံး သူသူငါငါ ပြောနေကြသော အကြောင်းကား စံဒွေးနှင့် ဖွားသီတို့ အကြောင်း ဖြစ်၏။ ရေခပ်ရာ၊ ယာထဲသွားရာ၊ ယွန်းထိုးရာ၊ အိမ်လည်ရာ နေရာတကာပင် ပြောနေကြတော့သည်။ အချို့က ဖွားသီကို မိန်းကလေးတန်မဲ့ အရှက်နည်းသည်၊ ဝါတွင်းကြီးကိုမှ မရှောင်ဟု ကဲ့ရဲ့၏။ အချို့က စံဒွေးကို အကင်းပါးသည်။ မယားရတော်သည် ထီပေါက်ခြင်း ဖြစ်လေသည်ဟု ချီးကျူးကြ၏။ အချို့ကလည်း နှစ်ဦးစလုံးပင် သစ္စာရှိကြပါသည်။ လောကကြီးကို စုံကန်၍ သူတို့၏ မေတ္တာကြိုးကို မပြတ်အောင် ထိန်းနိုင်ပါပေသည်ဟု အထူးသဖြင့် ကာလသားပိုင်းက နှစ်ဦးစလုံးကို ချီးကျူးကြလေသည်။

ဘယ်သူ ဘယ်လိုပင် ချီးကျူး ချီးကျူး၊ ကဲ့ရဲ့ ကဲ့ရဲ့၊ မထိန်းနိုင် မသိမ်းနိုင် ဒေါသအိုးကွဲကာ အရှက်ကြီး ရှက်နေသူမှာ ဖိုးရွှေခါးပင် ဖြစ်ချေသည်။ သူသည် ဖွားသီ ပျောက်သွားပြီး နောက်တစ်နေ့ နံနက်ဆိုလျှင်ပင် ပုဝါမနိုင် ပုဆိုးမနိုင်နှင့် သူနိုင်နေကျ မယ်မင်းသွယ်ကို ဆဲကာ ဆဲကာ ရိုက်လေတော့သည်။

"ငါ ဒါကြောင့် အစက မပြောဘူးလား။ ညည်းသမီး တယ်ပြီး မှုမမှန် ဘူးလို့၊ ခု ဒီလိုဖြစ်နေရတာ ညည်းအပြစ်၊ သီလား ညည်းအပြစ်"

"လူတင်ပါလို့ပါ ကိုရွှေခါးရယ်"

"ကြည့်စမ်း ကြည့်စမ်း အဲဒါ ငါ့စော်ကားတာ ငါ့စော်ကားတာ"

ပြောပြောဆိုဆို ကြီးတောင့် ကြီးမားရောက်မှ ပထမဦးဆုံးသော ဆုံးမခြင်းဖြင့် သူ့မယားအား ရိုက်ပြန်ရာ အနီးရှိ ဖွားကြည်က ဆွဲထားရ၏။

"လွှန်ကုန်ပါ့မယ် ဖေဖေရယ် အမေ့တော့ မရိုက်ပါနဲ့ ရိုက်ခြင်းရိုက် ကျွန်မကိုသာ ရိုက်ပါ"

"အံမာ. . . နင်ကလား ကဲဟာ ကဲဟာ"

ထိုအခါမှ သားအမိ နှစ်ယောက်စလုံး တုပ်တုပ်မျှ မလှုပ်ဝံ့ကြတော့ မျက်ရည်ကိုသာ သုတ်နေရလေသည်။

"ဒီခွေးမကို ကနေ့ကစပြီး အမွေပြတ်၊ နောက် ငါ့အိမ်ရိပ် နင်းတာ တွေ့ရင် အသက်ထွက်ပြီးသာ မှတ်ပေတော့"

ဤသို့အားဖြင့် ဖိုးရွှေးခါးနှင့် မယ်မင်းသွယ်တို့က သမီးကလေး ဖွားသီ ကို တို့မျက်နှာ အိုးမဲသုတ်ရက်လေခြင်း၊ ဆွေမျိုးဂုဏ် ဖျက်လေခြင်းဟု သမီး စာရင်းမှ ပယ်လိုက်လေရာ စံဒွေးတို့ လင်မယား လက်ငင်း ခံစားရသော အကျိုးတစ်ခုပင်တည်း။ သို့သော် ဖွားသီကားမမှု သူ့တွင် ရာသက်ပန် အားကိုး ရ အသုံးချရမည်ဖြစ်သော ဖိုးစံဒွေး တစ်ယောက်လုံး ရှိနေ၍ မမှုတော့ပေ။

. . . . . . . . . . . . . .

တစ်ရက်ဆိုသည်မှာ ဘာမျှ မကြာ၊ ထိုမကြာသော တစ်ရက်သည် ဖြုတ်ခနဲ ပျောက်သွား၍ နောက်တစ်ရက် ရောက်လာသည်။ ထိုနောက် တစ်ရက်သည် လည်း ယခင်ရှေ့ တစ်ရက် နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွား ပြန်၏။ ဒီလိုနှင့် ရက်တွေသည် တစ်ရက်နောက်သို့ တစ်ရက် ပြန်မလာတန်း လိုက်သွားကြရာ အနှစ်နှစ်ဆယ်ဆိုသော အချိန်သည် အစရှာ မတွေ့တော့။ သို့လင့်ကစား ထိုအနှစ်နှစ်ဆယ် အတွင်း၌ ဖွားသီတွင် 'လှရင်' ဟူသော သမီး တစ်ယောက်နှင့် 'လှသောင်း' ဟူသော သားတစ်ယောက် အဖတ်တင်ခဲ့လေ သည်။ ဒါသာ မဟုတ်သေး တော်သလင်း လပြည့်နေ ရောက်ခဲ့ချေပြီ။

ဤနေ့တွင် မဖွားသီ ငိုရပြန်ပြီ။ ယခုလို သမီးချော 'လှရင်' လင့် နောက်လိုက်သွား၍ ကိုယ်တွေ့ကြုံခါမှ 'ဟိုတုန်းက ငါ့အမေ ဒီလို စိတ်ဆင်းရဲ

မှာပဲ" ဟု သဘောပေါက်ကာ ပိုမို ဝမ်းနည်းလာသဖြင့် တိုး၍တိုး၍ ငိုတော့သည်။ ငိုအားရ၍ အိမ်ရှေ့ဘက် ထွက်ခဲ့ရာ မမြင်ချင်ကာမှ လှည်းယဉ်ကလေးတစ်စီး ချူသံ တချွင်ချွင်နှင့် မောင်းလာသည်ကို တွေ့ရပြန်သည်။ လှည်းကလေးသည် ဝတ်စားထားသော မိန်းမပျိုများကို တင်လာ၍ ခပ်ထွားထွားနွားနှစ်ကောင်နှင့် ကြော့ကြော့ပါအောင် မောင်းလာရာ မဖွားသီ စိတ်ထဲတွင်သူ့ကိုတမင် သရော်နေသည်ဟု ထင်လေသည်။ ထို့ကြောင့် မျက်စိမှိတ်ပြီးနားပိတ်ထားလိုက်၏။ ချူသံ မကြားမှ မျက်စိ ဖွင့်ကြည့်ရဲတော့သည်။

ဘင်္ဂလား သရက်ပင် ပုတိုက်တိုက်ကလေးပေါ်၌ ယင်းမာပင် ရှည်တောက်တောက်ကြီးက ပိုင်စိုးပိုင်နင်း မိုးနေသည်။ လူအများ မျက်စိရှေ့တွင်ပုပုနှင့် ရှည်ရှည် အဆင်ပြေချင်မှ ပြေမည် ဖြစ်သော်လည်း သူတို့ကား သဘာဝအားဖြင့် အဆင်ပြေ၏။ ထိုပင်ယင်းမာမှ. . . ဝင်းဖန့်ဖန့် ပွင့်ဝတ်လွှာတို့သည် သင်းပျံ့ပျံ့ မွှေးရင်း တစ်ချပ်စီ ကြွေကျနေ၏။ မဖွားသီမှာ ထို ယင်းမာပွင့်တို့ကိုသာ ငေးကြည့်နေလေသည်။

ခေါင်ကမှ မိုးမလုံခဲ့၍ ခေါင့်အောက်က ခေါင့်သား၊ ခေါင့်မြေးဆိုသည်မှာ စိုစိုရွှဲစမြဲဟူသော အချက်ကို သူ မစဉ်းစားခဲ့။

သစ်လှတော

## သစ်လှတော

လူ့လောကတွင် ကျွန်တော် အချစ်ဆုံးသော သူကား ကျေးဇူးရှင် ဘအို။

တိုင်းပြည် မြို့ရွာထဲဝယ် ကျွန်တော် အချစ်ဆုံးသော ဒေသကား ဇာတိ ချက်မြှုပ် တက်မရွာ။

ရေ၊ မြေ၊ တော၊ တောင်တို့တွင် ကျွန်တော် အချစ်ဆုံးသော နေရာကား 'သစ်လှတော'

. . . . . . . . . . . . .

နီနီ နုနု ရွှေရည်ဥနေသော အဖူးအကိုက်ကလေးများ။

ပျံ့ပျံ့အေးအေး မွှေးပင် မွှေးသော်လည်း မကြိုင်လွန်းသော အခက် အလက်ကလေးများ စသည်တို့အပြင် . . .

မြင်မြင်သမျှတို့ ရွှင်ကြည် ဟဒယ ဖြစ်လောက်အောင် လှပင် လှသော် လည်း အလှမပျက်နိုင်သော အခိုင်အဆင့်၊ အငုံ၊ အပွင့်တို့ဖြင့် တင့်တယ်ခြင်း မက တင့်တယ်လှသော အင်ကြင်းပန်းတွေ ပွင့်လန်းရာ အင်ကြင်းပင် ပျိုပျို အိုအိုတို့ ပျော်မွေ့ရာ အင်ကြင်းတိုင်းပြည်ဟု ခေါ်ရမည့် 'သစ်လှတော' သည် ကျွန်တော်တို့ဘက်မှ ရှာရှိ ကသေးသိုက်၏ ဖွားဖက်တော်ဟု ခေါ်ဆိုနိုင်ပေ လိမ့်မည်။

သစ်လှတောကို စ၍ သိရခြင်းကား ကျွန်တော် လူမှန်းသိစ အရွယ် သာသာတုန်းက ဖြစ်၏။ ဦးလေးခင်က ရွာတောင်ဘက် တက်မကန်ကြီးသို့ လှည်းရေစည်တိုက် အသွားတွင် ဆော့နေ ကစားနေရာမှ ကျွန်တော်လည်း တက်စီး၍ လိုက်ပါသွားမိသည်။ ဂျိုကုတ်နှင့် နပြာကြီးကလည်း တအိအိ တဖင့်ဖင့်နှင့် သွားနေ၏။ သို့နှင့်ပင် ရွာတောင်ဘက်ဆုံးရှိ မန်ကျည်းပင်၊

. . . . . . . . . . . . .

လှည်းယဉ်ကြောကြောနှင့် အညာဓလေ့ ဝတ္ထုများ ဖွန် ၁၉၆၂

စာပေဗိမာန်မဂ္ဂဇင်း အတွဲ (၆) အမှတ် (၂) မှ

မန်ကျည်းတန်းကို ကျော်လာသောအခါ တလင်းကုန်းသို့ ရောက်လာခဲ့၏။ တလင်းကုန်းလောက်က လှမ်း၍ ကြည့်လိုက်သောအခါ တောင်ဘက်၊ အနောက်တောင်ဘက်၊ အနောက်ဘက်တို့ကို တစ်မျှော်တစ်ခေါ်ကြီး မြင်ရလေသည်။ ဦးလေးခင်က အနောက်တောင်စူးစူးသို့ နကန် (နှင်တန်)ဖြင့် ညွှန်ပြရင်း 'ချောက်ရေနံတွင်းတွေဟာ အဲဒါတွေပေါ့ကွ' ဟု ဆိုသည်။ ကျွန်တော် လှမ်း၍ ကြည့်လိုက်ရာ တုတ်ချောင်းလို ထောင်ထောင်ကလေးတွေ မြင်ရ၏။ ဝေးလွန်းသဖြင့် နတ်ပြည်လောက် ဝေးသည်ဟု ထင်သည်။

"ဘဒွေးညွှန့်တို့ နေတဲ့ ဝွေးချိုကော ဘယ်မှာလဲဟင် ဦးလေးခင်"

ဦးလေးခင်သည် အရှေ့တောင်ဘက်သို့ ညွှန်ပြရင်း "ဟိုက ဖားပြုပ်တောင်၊ ဖားပြုပ်တောင် ဟိုဘက် မြင့်မြင့်ကြီးက ရွှေတောင်ညို၊ ရွှေတောင်ညိုရဲ့ ဟိုဖက်ကျတော့မှ ဘဒွေးညွှန့်တို့ ဝွေးချိုရွာကွ"

"ဟင်. . . အဝေးကြီးပဲဗျာ။ ဘယ်နဲ့လုပ် ဒီတောင်ကြီးတွေ ကျော်သွားနိုင်ပါ့မလဲ"

"သြော် သွားတော့ ဒီတက်မကန်လမ်းအတိုင်း မင်းကံကြီးကနေ ဥယျာဉ်စု၊ တောင်ဘီ အလယ်ရွာ၊ တောင်ဘီ တောင်ရွာကြီး ဟိုမှာ မြင်ရတာပေါ့" (ဦးလေးခင် တောင်ဘက် တည့်တည့်လောက် ညွှန်ပြရာသို့ ကြည့်လိုက်ရာ သစ်ပင်အုပ်အုပ်ကလေးများကို မြင်ရ၏) "နောက်ပြီးတော့ စည်ပင်သာ၊ ဒန်း၊ ကျောက်တန်းကနေ ဝွေးချိုရောက်တာပေါ့။ အဲ စည်ပင်သာ အနောက်ဘက်နားက ဟိုစုစုကြီးဟာ သစ်လှတောပေါ့။ ကိုဖြတ်ထိုးတို့ ကြက်တူရွေး ဖမ်းဖမ်းလာတာ"

'သစ်လှတော' ဟူ၍ ဦးလေးခင် နကန်ညွှန်ရာသို့ ကြည့်လိုက်ရာ ကျွန်တော်၏ ကလေးမျက်စိ အတွင်းဝယ် အမှိုက်ပုံကြီးကိုသာ မြင်ရ၏။ ကျွန်တော်တို့ရွာက ကုန်းမြင့်ပေါ်မှာ ရှိသဖြင့် ဤလို ရွာအများကြီးကို အပေါ်က စီး၍ မြင်ရကြောင်းတော့ နားလည်သည်။ ကျွန်တော်တို့ တူဝရီး စကားကောင်းနေစဉ် ဂျိုကုတ်နှင့် နပြာကြီးမှာ ဝင်လုလု နေလုံးနီနီကြီးကို ငေးသလော မသိ၊ အခွင့်ကောင်းယူ၍ ရပ်နေကြလေသည်။ အစားကြီးသော နပြာကြီးမှာမူ လှည်းလမ်းကြောင်း ပြည့်လုမတတ် သေးများပင် ပေါက်၍ ပြီးလေသည်။ ဒီတော့မှ ဦးလေးခင်လည်း မြင်၏။ မြင်တော့မှ နကန်နှင့် တစ်ချက်စီ ရိုက်ပေးရသည်။ ရိုက်တော့မှ သူတို့လည်း သွားကြလေသတည်း။

. . . . . . . . . . . .

ကျွန်တော်၏ ငယ်ပေါင်း ကစားဖက်များ ဖြစ်ကြသော ဖိုးကျွဲ၊ ထွန်းလှ၊ စံညွန့်၊ ဖိုးခွေးနှင့် ကျွန်တော်တို့ တစ်သိုက်မှာ ကစားစရာ မှန်သမျှကို ကြံဖန် ကစားတတ်ကြသည်။ ကစားစရာ ပစ္စည်းကုန်လျှင် နေပူလျှင် နေပူကို လည်းကောင်း၊ မိုးရွာလျှင် မိုးရွာခြင်းကို လည်းကောင်း၊ လေလာလျှင် လာသော လေနှင့် လည်းကောင်း ကြံဖန် တွဲဖက်၍ ကစားကြလေသည်။ နေပူသောအခါ ပူသောနေရာမှာ နေနာရီလုပ်၍ ကစားသည်။ မိုးရွာလျှင် ရေချိုး၍ ချောင်းစီး၍ လည်းကောင်း ကစားကြသည်။ လေလာလျှင် လာသော လေထဲ မကြောက်မရွံ့ ပြေးဝင်ပြီး လေပွေကို စီးမိအောင် စီး၍ ကစားကြသည်။

နွေဦးသို့ ရောက်လာလျှင် အနောက်တောင်ဆီက လေနီကြမ်း တိုက်လာတတ်သည်။ လေနီကြမ်း တိုက်နေချိန်ဆိုလျှင် တစ်မိုးလုံး နီနီအုံ့အုံ့ကြီး ဖြစ်ခါ လူကြီးများမှာ အိမ်တံခါး အလုံပိတ်၍ နေတတ်ကြသည်။ မီးသတိပြုပါဗျို့ ဟူသော အော်သံများလည်း ကြားရ၏။ ထိုအခါမျိုးတွင် လူကြီးတွေ မသိအောင် တိတ်တဆိတ်ထွက်၍ ဆော့ကြသူများကတော့ ကျွန်တော်တို့ လူသိုက်သာ ဖြစ်ကြ၏။ ဆော့ရသည့် အကြောင်းက အခြားကြောင့် မဟုတ်၊ လေနီကြမ်းထဲဝယ် မျောပါလာသော "အင်ကြင်းတောင်" လေးများကို လိုက်လံ ဖမ်းယူခြင်းပင်တည်း။

အဆိုပါ "အင်ကြင်းတောင်" ကလေးများမှာ ရုံဖန်ရံခါ၌မှ လေနီကြမ်းကြီး မကျဘဲနှင့်လည်း တစ်ခုတလေ မိုးပေါ်က ဝဲ၍ ဝဲ၍ ကျလာတတ်သည်။ ကျွန်တော်တို့ လူသိုက်ကား အလုအယက် သူ့ထက်ငါ ပြေး၍ ဖမ်းယူတတ်ကြလေသည်။ အမှန်အားဖြင့်မူ "အင်ကြင်းတောင်" သည် လှလည်းမလှ၊ မွှေးလည်းမမွှေး၊ အခြေတစ်ခုမှ နေ၍ အထပ်ကလေး လေးခု၊ ငါးခု ကွဲပြီး ပန်းပွင့်လိုလို ကော့လန်နေကာ ခြောက်သွေ့သောအခါ နေခြွေ၍ ကြွေပြီး လေလွင့်သလို လွင့်လာခြင်းသာ ဖြစ်သည်။ ကျွန်တော်တို့ကမူ ချာလည် ချာလည်နှင့် ဝဲလာခြင်းကိုပင် ကြည့်၍မဝ၊ ဟဒယ ရွှင်မြူးမိလှသည်။

"ဘရေ. . . ဒီ 'အင်ကြင်းတောင်' ကလေးတွေ ဘယ်က လွင့်လွင့်လာတာလဲဟင်. . ."

"သစ်လှတောက ပေါ့ကွယ်။ သစ်လှတောဆိုတာ ကိုရွှေနီတို့ စည်ပင်သာနားက သစ်လှတော. . ."

ဒုတိယအကြိမ်မြောက် သစ်လှတောသည် ကျွန်တော်၏ အသဲနှလုံး

ဝယ် ကိန်းဝပ်ပြန်လေပြီ။ အိမ်သို့ စည်ပင်သာရွာမှ ဦးရွှေနီ ပေါက်လာသော အခါ သစ်လှတော အကြောင်းကို မေးကြည့်ရ၏။

"ဘာပင်တွေရှိလဲ ဦးရွှေနီရဲ့"

"အင်ကြင်းပင်တွေပေါ့"

"အင်ကြင်းဆိုတာ ဘယ်လိုလဲ"

"မန်ကျည်းပင်ကြီးလိုပေါ့ကွာ"

"တောကြီးက အကြီးကြီးဘဲလား"

"အေး အကြီးကြီးဘဲ"

"ကျားတွေ ဘာတွေ မရှိဘူးလား"

"မရှိပါဘူး နတ်ကြီးလို့ မနေနိုင်ဘူးတဲ့"

နတ်ကြီးသည်ဟု ကြားရ၍ ကျွန်တော့်မှာ ဆက်လက် မမေးရဲတော့။ အဖော်များရှိရာသာ ကစားထွက်လာခဲ့သည်။ သစ်လှတောသို့ သွားချင်နေပါလျက် မသွားရဲသလိုလို ဖြစ်သွားရသည်။

တစ်ရက်ပြီး တစ်ရက်နှင့် ရက်များ ကုန်သွား၍ သင်္ကြန်ရက်ဆီသို့ ရောက်လာလေသည်။ သင်္ကြန်ရက်လောက် ရောက်သောအခါ ကျွန်တော်တို့အိမ် သောက်ရေအိုး အဖုံးထဲ၌ လည်းကောင်း၊ ဘုရား ညောင်ရေတကောင်း ထဲ၌ လည်းကောင်း၊ နီထွေးထွေး ရွှေဝါသွေးနှင့် အခိုင်အခိုင် ကြိုင်ကြိုင် လှိုင်လှိုင် မွှေးလှကြူလှသော ပန်းခက်များကို တွေ့ရလေသည်။ ရိုးတန်ကလေး များသည် ရွှေရည်ရင့်ရင့် လူးသလို နီရဲရဲလေးတွေ ဖြစ်ကြသည်။ အဖူးအငုံ ကလေးများကလည်း ရွှေရောင်ဖုံးသည့် ဝါဝါတုံးကလေးများ ဖြစ်ကြသည်။ အပွင့်ကလေးများ ပွင့်ချပ် ပွင့်ဖတ်ကလေးများဆိုလျှင်လည်း ဖြူဝင်းဖန့်ဖန့် နှင့် အဆင်းအနံ့ ကြွယ်လှလေသည်။ ထိုပန်းကလေးများ ရောက်လာလျှင် သောက်ရေအိုးထဲက ရေသည် ပို၍ ချိုလာသည်။ ပို၍ အေးလာသည်ဟု ထင် မိသည်။

"မေမေ ဒါဘာပန်းတွေလဲဟင်"

"အင်ကြင်းပန်းတွေလေ"

"ဟင်. . . အင်ကြင်းပန်းတွေ ဘယ်ကရသလဲ"

"ပန်းသည်တွေဆီက ဝယ်တာပေါ့"

"ပန်းသည်တွေ ဘယ်က ယူလာတာလည်း မေမေ"

"နင့်နှယ့်ဟယ် အမေးအမြန်း ထူလှချည်ရဲ့၊ အင်ကြင်းပန်းဆိုတာ သစ်

လှတောက ချိုးလာတာပေါ့"

ကျွန်တော်သည် ရေအိုးဖုံးထဲက အင်ကြင်းခိုင် တစ်ခိုင်ကို ချိုးကာ အကျီအိပ်မှာ ထိုးပြီး ဖိုးခွေးတို့ရှိရာ ပြေးလာခဲ့မိလေသည်။ ကျွန်တော်၏ စိတ်ထဲတွင် အင်ကြင်းပန်းလေးများသည် အလွန်လှနေလေသည်။ အလွန်လည်း ချစ်မိသည်။ ကိုယ်နှင့်မကွာ အမြဲ ရှိစေချင်သော စိတ်ကူးစိတ်ဆန်း ပေါ်လာမိသည်။ သစ်လှတောကိုလည်း ပို၍ ရင်းနှီးလာသည်။ ပို၍ ခင်မင်လာသည်။ ဖိုးခွေးတို့ လူသိုက်ကမူ ကျွန်တော် လူပျို လုပ်လာသည်ဟု ဝိုင်း၍ ပြောင်ကြလှောင်ကြလေသည်။ သို့သော် အင်ကြင်းပန်းကလေးများကို မြင်ရသောအခါ မနောက် မပြောင်နိုင်ကြတော့ဘဲ သူတို့အားလည်း နည်းနည်းစီလောက် ပေးဖို့ တောင်းကြလေသည်။ ကျွန်တော်က ရတ်တရက် မပေးရက်။ အကြိမ်ကြိမ်တောင်းကာမှ တစ်ဖွဲ့တစ်ဖွဲ့စီ ခွဲဝေပေးလိုက်ရာ မိခွေးတို့၊ ခင်သန်းတို့က ခေါင်းမှာ ပန်ကြ၏။ ထွန်းလှတို့က ဘုရားလှူမည်ဟု ဆိုသည်။ အားလုံးပင် ကျေနပ်သွားကြပြီး သီချင်း တကျော်ကျော်ဆိုကာ အပျော်ကြီး ပျော်မိကြလေသည်။

ထိုနောက် ရေအိုး ရေပုံးထမ်း စသည်တို့ဖြင့် ရေခပ်ဆင်းလာကြသော တက်မရွာသူ အပျိုများကို ကြည့်လိုက်ရာ သူတို့ ခေါင်းဝယ် အင်ကြင်းပန်းတွေ ဝေနေလေတော့သည်။ အင်ကြင်းပန်းကြောင့်ပင် ကျွန်တော်တို့ တစ်ရွာလုံး ပို၍ လှလာသည်ဟု ကလေးစိတ်ဖြင့် ကျွန်တော် ထင်မိပေသတည်း။

..............

မိုးရာသီ ကုန်ဆုံး၍ သီတင်းဝါလ ကျွတ်သောအခါ ဥတုရာသီမှာ သာယာ၍ လာ၏။ သီတင်းကျွတ် ကျောင်းပိတ်လျှင် ကျွန်တော်တို့ တစ်တွေမှာ ရွာလယ်လမ်းမ၌ လည်းကောင်း၊ အုတ်တိုက်(ဓမ္မာရုံ) တံတိုင်းဘေးဝယ် လည်းကောင်း ပေသီးပစ်၍ ပျော်ကြကစားကြပြန်သည်။

တစ်နေ့တွင် အနောက်ဘက်ပိုင်း ထွန်းလှတို့ အိမ်သို့ ကြက်တူရွေးကလေး နှစ်ကောင်ရောက်လာ၏။ ကြက်တောကြီးများ ဖြစ်၍ ထွားလည်း ထွားလှသည်။ ဖန့်ဖန့်စိမ်းသော ကိုယ်လုံး၊ နီနီရဲသော နှုတ်သီးနှင့် ကျွန်တော်တို့မှာ မချစ်ဘဲ မနေနိုင်ကြ။ မီးဖိုချောင်ထဲက ငရုတ်သီးတောင့်များ ယူလာကာ ကျွေးကြသည်။

အမြဲတမ်း မေးရ မြန်းရမှ ကျေနပ်သော ကျွန်တော်ကတော့ ထွန်းလှအစ်ကို ကိုထွန်းရင်အား

"ဒီ ကြက်တူရွေးတွေ ဘယ်ကရသလဲ ကိုထွန်းရင်"

"ကိုဖြတ်ထိုးဆီက ဝယ်တာ"

"တစ်ကောင် ဘယ်လောက် ပေးရသလဲ"

"တစ်ကောင် တစ်ကျပ်စီ ပေးရတယ်"

"ကိုဖြတ်ထိုးကြီးက ဘယ်က ရသလဲဟင်"

"သစ်လှတောက ဖမ်းလာတယ် ပြောတာဘဲ။ သစ်ပင်ပေါ်တက် သစ်ခေါင်းထဲ နှိုက်လာတာ ဖြစ်မှာပေါ့"

"ဟင်. . .သစ်လှတောမှာတော့ ကြက်တူရွေးတွေ အများကြီး ရှိမှာပဲနော်"

"ဒါပေါ့၊ အုပ်ကြီးနဲ့ နေတာပေါ့"

ကျွန်တော်သည် ဆက်လက်၍ မမေးတော့။ ကလေး၏ အသိဉာဏ်နှင့်ပင် သစ်လှတောသည် အဘယ်မျှ ပျော်စရာ ကောင်းသည်၊ အဘယ်မျှ ချစ်စရာကောင်းသည်ကို သိနေရပြီးပေပြီ။ တစ်နှစ်လုံး လိုလိုပင် သစ်လှတောမှ ကျွန်တော်တို့ ချစ်စရာ ပစ္စည်းလေးများ ရောက်ရောက်လာသည်။ အင်ကြင်းတောင်ကလေးများ၊ အင်ကြင်းပန်းကလေးများ၊ ကြက်တူရွေးငှက်များ အစရှိသဖြင့် ကျွန်တော်တို့ ချစ်နှစ်သက်စရာ ပစ္စည်းများကို သူ့ရာသီနှင့်သူ မပြတ်လောက်အောင် ပို့နေ၊ မြင်နေ၊ တွေ့နေရသဖြင့် သစ်လှတောကို တောဟုပင် ကျွန်တော် မထင်မိ။ ကျွန်တော့်အား ငယ်စဉ်ကထဲက ကျွေးမွေး သုတ်သင်လာခဲ့၊ ကျွန်တော် လိုချင်သမျှ အမြဲပေးခဲ့သော ကျွန်တော်၏ ဘအို ကဲ့သို့ပင် သစ်လှတောကိုလည်း သက်ရှိလူပမာ ထင်မိသည်။ ဘ ပမာ ချစ်မိ ခင်တွယ်မိသည်။ ကလေး၏ အသိနှင့်ပင် သစ်လှတော အစွဲကို ကျွန်တော် ဖျောက်ဖျက်၍ မရတော့ပြီ။ ရောက်ဖူးချင်သော စိတ်၊ မြင်ဖူးချင်သော စိတ်၊ မြင်ဖူးတွေ့ဖူးချင်သော စိတ်၊ အင်ကြင်းပင်ပေါ် ကိုယ်တိုင်တက်၍ အင်ကြင်းပန်းကို ကိုယ်တိုင်ခူးကာ ကြက်တူရွေးကလေးများကို ကိုယ်တိုင်ဖမ်းယူလိုသော စိတ်များ တဖွားဖွား တက်ကြွလာမိပေတော့သတည်း။

. . . . . . . . . . . . .

ကျွန်တော့်အနေနှင့် သစ်လှတောကို ခေါ်သွားစမ်းပါဟု ဘယ်လူကြီးကိုမှ မပူဆာရဲပါ။

ပူဆာသည့်တိုင်အောင်လည်း လူကြီးများက ကလေးစကားကို အရေးယူ၍ ဆောင်ရွက်ကြမည် မဟုတ်ကြောင်း သိထားသဖြင့် မပူဆာတော့ပါ။

တစ်ရက်ပြီး တစ်ရက်နှင့် ဦးကြီးကျောင်း (စတုတ္ထတန်းကျောင်း) မှာ ကျောင်းတက်ရင်း တစ်နှစ်ပြီး တစ်နှစ် ကုန်ခဲ့၏။ ကျွန်တော် မှတ်မိသမျှ တတိယတန်းနှစ်က ဖြစ်လေသည်။ ကျွန်တော်၏ အသက်မှာလည်း ကိုးနှစ်၊ ဆယ်နှစ်ခန့် ရှိလေပြီ။ ကျွန်တော်၏ ဘ ဖိုးစံရုံသည် နှစ်တိုင်းနှစ်တိုင်း တန်ဆောင်မုန်းလ ဆိုလျှင် သက်စေ့ ကထိန်ခင်း၍ သက်စေ့ ဆွမ်းကျွေးလေ့ရှိသည်။ အထူးသဖြင့် ရွာနီးချုပ်စပ် ရွာသိမ်၊ ရွာငယ်ကလေးများက အလှူဝတ္ထုနွမ်းပါသော ဘုန်းကြီးကျောင်းများမှာ ကထိန်ခင်း၍ ဆွမ်းကပ်လေ့ ရှိပေသည်။ ထိုနှစ်အဖို့ ဦးရွှေနီတို့ စည်ပင်သာရွာ သွား၍ ကထိန်ခင်းမည်ဆိုသဖြင့် ကျွန်တော့်မှာ အပျော်ကြီး ပျော်နေမိတော့သည်။ ကထိန်ရက် မြန်မြန်ရောက်ပါစေဟု ဆုတောင်းနေရသည်။ အကြောင်းမူ ကျွန်တော် ရောက်ချင်လှသော သစ်လှတောသို့ ရောက်နိုင် မြင်နိုင်သောကြောင့်တည်း။

ကျွန်တော့် ဆုတောင်းပြည့်ဖို့ရာ ကထိန်ခင်းရက် မတိုင်မီ တစ်ရက် အလိုသို့ ရောက်လာသောအခါ ကျွန်တော်တို့အိမ် တစ်အိမ်လုံးနှင့် အခြားဆွေမျိုးများပါ ပေါင်းမိုးလှည်း သုံးလေးစီးဖြင့် ဝန်စည်စလယ်များ တင်ဆောင်၍ စည်ပင်သာ ရွာဘက် မောင်းလာခဲ့ကြလေသည်။ ကျွန်တော်၏ ရင်မှာ ဝမ်းသာလုံး ရိုက်ခတ်၍ တဒိတ်ဒိတ် မြည်နေလေပြီ။ ကထိန်မှာ စားရ၊ သောက်ရ၊ ပျော်ရမည်ဖြစ်၍ တစ်ကြောင်း၊ သစ်လှတောကို ရောက်ဖူးတော့မည်ဖြစ်၍ တစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် ပျော်မိခြင်း ဖြစ်တော့သည်။

ညဘက် စည်ပင်သာသို့ ရောက်သောအခါ ချက်ပြုတ်ပြီး အသင့်စောင့်နေကြသော ဦးရွှေနီတို့အား တွေ့ရ၏။ မနက်ဘက် ရောက်ပြန်သောအခါ ဘုန်းကြီးဆွမ်းကပ်၊ ကထိန်ခင်းနှင့် လူကြီးတွေမှာ လက်မလည်နိုင်အောင် ဖြစ်နေကြသည်။ ကျွန်တော့်အနေနှင့်ကား ငရဲကြီးမည်လား မပြောတတ်။ သစ်လှတောဘက်သို့ သွားဖို့ အခွင့်အရေးကိုသာ ချောင်းနေမိသည်။

နေ့လည်ဘက် ကထိန်ပွဲအပြီးတွင် ဦးလေးထွန်း၊ ဦးလေးညီတို့ လူသိုက်သည် ရွာတောင်ဘက် စည်ပင်သာချောင်းလေးသို့ ရေချိုး ထွက်လာခဲ့ကြရာ ကျွန်တော်လည်း ရေချိုးချင်သည်ဟု အကြောင်းပြကာ လိုက်ခဲ့၏။ ဦးရွှေနီလည်း ပါသည်။ ယာတစ်ခင်း နှစ်ခင်းလောက် လွန်သောအခါ စည်ပင်သာချောင်းသို့ ရောက်၏။ ဒူးဆစ်ခန့် နက်အောင် ကြည်လင်သော ရေယဉ်တို့ တသွင်သွင် စီးဆင်းနေသော စည်ပင်သာ ချောင်းမှာလည်း ကျွန်တော်၏

မျက်စိဝယ် အထူးအဆန်း ဖြစ်နေပေသည်။ အကြောင်းမူ ကျွန်တော်တို့ နယ်ပယ်တစ်ဝိုက်တွင် ချောင်းဟူသမျှ မိုးကာလကလွဲလျှင် ရေမစီးနိုင်ကြ။ သဲချောင်းများသာ ဖြစ်ကြသောကြောင့်တည်း။

စည်ပင်သာချောင်း၏ တစ်ဖက်တစ်ချက်ရှိ သရက်တောအုပ်များနှင့် ထန်းတောများသည်လည်း စိမ်းစို ဝေဆာလျက် ရှိလေသည်။ ချောင်းအတွင်း ရေချိုးကြရင်းက

"ဘ ဦးရွှေနီ ဒီချောင်းက ဘယ်က စီးလာတာလဲ ပုပ္ပားကလား"

"မဟုတ်ဘူး ဟိုကျောက်တန်းဘက် ကမ်းပါးကြီး တစ်ခုကနေ ရေတွေ စိမ့်ယိုလာတာပဲ၊ ပြီးတော့ ဟိုအောက် ဧရာဝတီမြစ်ထဲ ရောက်အောင်လည်း မစီးဖူး။ သစ်လှုတော အလွန်လောက်မှာ အောက်မြေကြီးထဲ ပြန်ငုတ်သွားတယ်။ ဒါကြောင့် တချို့က သစ်လှုတော ရေသောက်ဖို့ စီးပေးတဲ့ ချောင်းလို့တောင် ပြောကြတာပေါ့"

"သစ်လှုတောက ဒါဖြင့် မဝေးဘူးပေါ့နော်"

"အင်း. . .ဟိုအောက်ဘက်နား နည်းနည်းတော့ သွားရသေးတာပေါ့"

"ရေချိုးပြီးရင် သွားကြရအောင်ပါ"

"ဘာလုပ်ချင်လို့တုန်း"

"ကျွန်တော် ရောက်ဖူးချင်လို့ပါနော်. . . လိုက်ပို့ပါ"

"မင်းဦးလေး ပြောလေ"

"သွားရအောင်ပါ ဦးလေးထွန်း ခဏလေးပါနော်ဗျာ. . ."

"အေး အေး"

ရေချိုးပြီးကြသောအခါ ဘဦးရွှေနီက ရှေ့ဆောင်၍ သစ်လှုတောဘက်သို့ ထွက်လာခဲ့ကြလေသည်။ ရောက်ချင်၊ မြင်ချင်နေသော ကျွန်တော့်မှာ ချောင်းကမ်းပါးကို ပြေးတက်ရသော်လည်း မမောနိုင်။

သို့နှင့် ကျွန်တော် ရောက်ချင်လှ၊ မြင်ချင်လှ တွေ့ချင်လှသော သစ်လှုတောသို့ ရောက်ခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့ရပေသည်။ ကျွန်တော်တို့ တစ်တွေသည် တောအတွင်းသို့ မဝင်ကြ။ ဦးလေးထွန်းက အချိန်မရဟု ဆို၍ တောစပ်မှ ပင် ရပ်ပြီး ကြည့်ကြသည်။ အင်ကြင်းပင်ကြီးများမှာ မန်ကျည်းပင်၊ ကုက္ကိုပင်များကဲ့သို့ပင် မထူးဆန်းလှသော သစ်ပင်များ ဖြစ်ကြသော်လည်း ကျွန်တော်ကမူ နှစ်ပေါင်းများစွာ တွေ့ချင် မြင်ချင်နေသော ဆွေမျိုးရင်းချာကို တွေ့ဘိသကဲ့သို့ ဖြစ်နေပေသည်။

ကိုင်းချင်း ယှက်ရှယှက်၊ အရွက်စိပ်စိပ်၊ အရိပ်အေးအေးနှင့် စိမ့်၊ မြိုင်၊ ဂနိုင် ဆန်လှသော အင်းကြင်းပင်ကြီးများကို အားမလို အားမရ ကြည့်နေမိသည်။ နေ့ခင်းဖြစ်ပါလျက် ညဘက်သို့ ရောက်သည့်ပမာ အမှောင်ဖြာကာ ဆီးပိတ်ဆိုင်းနေသော သစ်လှတော၏ အတွင်းဘက် တောတွင်းသို့လည်း ရင်တဖိုဖိုနှင့် ကြည့်မိသည်။

"ပုပ္ပား ပန်းပဲကိုတင့်တယ်နတ်က သူ့နှမ ဒွေးဖြူနဲ့ မြတ်လှကို ပန်းပန်ဖို့ရာ ဒီသစ်လှတောကို အပိုင်စား ပေးထားတယ်လို့ ပြောစမှတ် ပြုကြတာပဲ။ အတွင်းဘက်မှာတော့ နတ်ကွန်းတစ်ခု ရှိတယ်"

ဦးရွှေနီသည် သစ်လှတော အတွင်းဘက်သို့ ညွှန်ပြရင်း ရှင်းလင်းပြောပြနေလေသည်။

"အင်ကြင်းပင်ကြီးတွေ ဒါလောက်ကြီးလာအောင် ပေါက်နေကြတော့ အပင်ငယ်ကလေးတွေလည်း ရှိဖို့ မကောင်းပါလား။ ဒါပေမဲ့ လူ့တစ်ရပ် မမြင့် မခြင်း မမြင်ရဘူးတဲ့။ ဘာလို့လဲဆိုတော့ နွားတို့၊ ဆိတ်တို့ စားမှာစိုးလို့ နတ်က ဖွက်ဖွက်ထားသတဲ့၊ ပြီးတော့လဲ တစ်ခါ နွေကျတော့ တစ်တောလုံး အရွက်တွေ ကြွေတယ် မဟုတ်လား။ အဲ့ဒီလို အရွက်တွေ ကြွေတော့ တောထဲမှာ ဘယ်လောက် ရှုပ်ဖို့ကောင်းသလဲ၊ ဒါပေမဲ့ လေက ဘယ်လို ဘယ်လို တိုက်ပြီး လှဲကျင်းသွားတယ် မသိပါဘူး။ တချို့နေရာများ သစ်ရွက်ခြောက် မရှိသလောက်ပါပဲဗျာ"

ကျွန်တော်တို့ကား တစ်ပင်နှင့် တစ်ပင် လည်ချင်းယှက်၍ လက်ချင်းဆက်ကာ စကား တီးတိုးပြောသယောင် ပြုနေသော အင်ကြင်းပင်ကြီးများကို မော့၍ ကြည့်မိကြ၏။ အင်ကြင်းပင်ကြီးများ ထိပ်ဖျားဝယ် တကျာကျာ တကျည်ကျည် အော်မြည် ပျံသန်းနေကြသော ကြက်တူရွေးကလေးများကိုလည်း ချစ်စနိုး ကြည့်မိကြသည်။ ဦးရွှေနီ၏ စကားကိုလည်း နားထောင်မိအောင် ထောင်ကြသည်။

"တစ်ခုကလည်း ဆန်းကြယ်ပုံက ဒီနေရာ တစ်ဝိုက်မှာ ခြေသလုံးလောက်၊ ပေါင်လောက် တုတ်တဲ့ အင်ကြင်းပင်တွေဆိုရင် အဲဒီ အပင်မျိုးချည်း စုပေါင်းနေတာပဲ။ တခြား တစ်နေရာကျတော့ လက်မောင်းလောက် လက်ကောက်ဝတ်လောက် အပင်ကြီး တစ်ဆင်ထဲ တစ်ရွယ်ထဲ ပေါက်နေပြန်သည်။ ဟော လူကိုယ်လုံးလောက်၊ တစ်ခါတစ်ခါ လူ့ တစ်ဖက်လောက် တုတ်တဲ့ အပင်အိုကြီးတွေ နားကျတော့လည်း အဲဒီလို အပင်ကြီးတွေချည်း စုပေါင်းနေကြတယ်။

ဦးရွှေနီ၏ စကားအရ ကျွန်တော်တို့နားက အင်ကြင်းပင်များ လှမ်းတဲ့ ကြည့်လိုက်ရာ အားလုံး လူကိုယ်လုံးလောက် တုတ်သည်ကို တွေ့ရလေသည်။ ဦးလေးထွန်းက "အချိန်မရှိဘူး ဘိုးကြီးအို မျှော်နေရော့မယ် သွားကြရအောင်" ဟု ဆိုသဖြင့် ပြန်လာခဲ့ကြရာတွင် ကျွန်တော့်မှာ ပြန်ကြည့် ပြန်ကြည့်နှင့်သာ လိုက်ပါလာခဲ့ရတော့သည်။

ထိုတစ်ခေါက် ဘ၏ ကထိန်ပွဲကို ကျွန်တော် အလွန်ပျော်ခဲ့မိသည်။ ရောက်ချင်လှသော သစ်လှတောကို ရောက်ခဲ့ရသောကြောင့်ပါတည်း။

. . . . . . . . . . . . .

ထိုနောက် ကျွန်တော်သည် ဦးလေးကြီးကျောင်းမှ စတုတ္ထတန်း အောင်မြင်သောအခါ တောင်တွင်း ဦးဥက္ကဋ္ဌ၏ အမျိုးသား သာသနာပြု ကျောင်းသို့ တစ်နှစ်တိတိ သွား၍ ရွာပြန်လာသောအခါတွင်လည်း ခဏလောက်သာ နေရ၏။ နောက်နှစ်များတွင်မူ ညောင်ဦးရှိ မိဘနှစ်ပါးထံ အတူသွားနေကာ အစိုးရအလယ်တန်းကျောင်းမှာ ကျောင်းတက် နေရပြန်သည်။ နွေရာသီ ကျောင်းပိတ်ရက်ကျမှသာ ဇာတိရပ်ရွာသို့ ပြန်၍ လာခဲ့ရသဖြင့် ဘအိုနှင့် လည်းကောင်း၊ ဇာတိ တက်မရွာနှင့် လည်းကောင်း၊ ကျွန်တော် ချစ်လှသော သစ်လှတောနှင့် လည်းကောင်း၊ အကြာကြီး ကြာအောင် ကင်းကွာ နေခဲ့လေတော့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီး ကျွန်တော်ရော၊ ကျွန်တော့်မိဘများပါ မြို့မှာ မနေကြရဲတော့ဘဲ ဂျပန်ခေတ် တစ်ခေတ်လုံး ဘအိုရှိရာ ဇာတိရွာကလေးမှာ ပြန်၍ နေကြရပြန်သည်။ ဂျပန်ခေတ် ရောက်လာသည့်တိုင် မီးရထားလမ်း၊ ကားလမ်း၊ သင်္ဘောလမ်းကို မဆိုထားနှင့် လှည်းသော်မှာ ခဲခဲယဉ်းယဉ်း မောင်းပြီး ရောက်နိုင်သော ကျွန်တော်တို့ရွာမှာ စစ်ဘေး စစ်ဒဏ်ကို မခံရပါပေ။

ဘဖြစ်သူက သဒ္ဒါအသင်ခိုင်း၍ ရွာဦးဆရာတော် ဦးသူရိယကျောင်းသို့ တက်ရောက်ပြီး သဒ္ဒါသင်ရပြန်သည်။ ကျွန်တော် အလွန်ပျော်မွေ့လှသော ဇာတိ ချက်မြှုပ်ရွာမှာ နေရ၍ တစ်ကြောင်း၊ ကျေးဇူးရှင် ဘအို၏ လက်ပေါ်မှာ ပြန်လည်နေရသဖြင့် တစ်ကြောင်း၊ စစ်ကာလဖြစ်သော်လည်း စစ်နှင့် မပတ်သက်သော ချောင်ကျကျ ကျွန်တော်တို့ ရွာကလေးမှာ ဗုံးဘေး စစ်သေနတ်ဘေးနှင့် ကင်းဝေးနေ၍ တစ်ကြောင်းတို့ကြောင့် ကျွန်တော့်မှာ အလွန်ပျော်မိလေသည်။

ကျွန်တော် မှတ်မိသမျှ ဂျပန်ခေတ် အလယ်လောက်ဆီက ဖြစ်၏။ သင်္ကြန်ပြီးစ နှစ်ဆန်း တစ်ရက်နေ့လည်း ဖြစ်ပေသည်။ ဦးလေးကြီး ဦးလေးလှိုင်က စည်ပင်သာရွာ ဦးရွှေနီတို့ထံ ယာထောက်ခ တောင်းရင်း ပျော်ပွဲစားသွားမည်ဆို၍ ကျွန်တော့်မှာ လိုက်ဖြစ်အောင် လိုက်ပါခဲ့ရပေသည်။

မနက် တုံးခေါက်လောက်က ထ၍ လှည်းနှစ်စီးနှင့် ချက်ပြုတ်စရာ အိုးခွက်၊ စားသောက်စရာ စသည်တို့ကိုတင်ကာ ထွက်လာခဲ့၏။ ကျွန်တော့် ဦးလေးများ၊ အကိုများ၊ ငယ်ပေါင်းကြီးဖော်များနှင့် အားလုံး လူပေါင်းနှစ်ဆယ် နီးပါး ပါပေသည်။ ပျော်ပွဲစား ထွက်ခဲ့ခြင်း ဖြစ်သဖြင့်လည်း လမ်းတစ်လျှောက်လုံး သီချင်းဆိုသူဆို၊ ကသူကနှင့် လူငယ်တွေပြိုပြိုး ပျော်၍ပါး၍ လာခဲ့ကြရာ ခရီးပန်းသည်ဟု မထင်မှတ်နိုင်ကြပါ။ ဤခရီးကား ကျွန်တော်တို့ ငယ်စဉ်တောင်ကျေးကတည်းက သွားလာနေကျဖြစ်၍ ညကြီးသန်းခေါင် မိုးမှောင်ကျပေစေ၊ ဖြောင့်ဖြောင့်တန်းတန်း သွားတတ်သော အလွတ်ရ လမ်းခရီး ဖြစ်ပေသည်။ ဘယ်ကမူကျော်လျှင် ဘယ်အပင်ရောက်မည် ဘယ်ချောင်းကို ဖြတ်ပြီးလျှင် ဘယ်သူ့ယာ ရောက်မည်ဟု အလိုလို သိနေကြ၏။ မင်းကံကြီး၊ ကံခွက်နေရာ ဥယျာဉ်စုရွာ၊ တောင်ဘီအလယ်ရွာ၊ တောင်ရွာကြီး စသည်တို့ကို ဖြတ်လာခဲ့ပြီးနောက် စည်ပင်သာရွာသို့ မနက် ၈နာရီ ကျော်ကျော်လောက် ရောက်ကြသည်။ ရောက်လျှင် ဦးရွှေနီတို့ အိမ်မှာ လှည်းများ ခဏရပ်၊ နွားခဏနားပြီး ဟင်းချက်စရာနှင့် သောက်ရေ၊ ထင်း စသည်တို့ ထပ်မံ တင်ကြပြန်သည်။ ခြေလျှင် လိုက်လာသူများလည်း အမောပြေ၍ လက်ဖက်ရည်ကြမ်း ဝင်သောက်ကြ၏။ ထို့နောက် စည်ပင်သာရွာ၏ တောင်ဘက် စည်ပင်သာ ချောင်းအတိုင်း စုန်ကာ သစ်လှတောဘက်သို့ လှည်းများ ဆက်လက် မောင်းနှင်ခဲ့ကြလေသည်။

စည်ပင်သာ ချောင်းကလေးကား ကျွန်တော် ငယ်စဉ်က ရောက်ဖူးသလိုပင် ကြည်လင်သော ရေအယဉ်တို့ တသွင်သွင် စီးနေလေသည်။ ဝဲယာ တစ်ဘက် တစ်ချက်တွင် သရက်တောနှင့် ထန်းတောတို့သည် စိမ်းစိုဝေဆာလျက် ရှိကြ၏။ ထိုသစ်တောအုပ်မှ ဥဩငှက်သည် နွေတေးကို လေးလေးတွဲ့တွဲ့ သီဖွဲ့လျက် ရှိလေသည်။ စည်ပင်သာ စမ်းချောင်း အတွင်းဝယ် ကြက်သွန်၊ ငရုတ် စသည့် လုပ်ခင်းဆောင်တာကလေးများ ဖြစ်ထွန်းနေပြီကို တွေ့ရပြန်သည်။

တရွေ့ရွေ့ လာခဲ့ကြ၍ သစ်လှတော အဝင်ဝသို့ ရောက်သောအခါ ကျွန်တော့်မှာ သက်ရှုမှားမတတ် ရင်သတ် အံ့ဩမိရပါသတည်း။

အတောမသတ်နိုင်သော အင်ကြင်းပန်းများ။

အတောမသတ်နိုင်သော အလှ။

အတောမသတ်နိုင်သော ကြိုင်ရနံ့။

ကျွန်တော် မြင်ရသည်၊ တွေ့ရသည်၊ ရှူရှိုက်ရသည်။ တစ်သက်အဖို့ ပထမဆုံးအကြိမ် မြင်ရ၊ တွေ့ရ၊ ရှူရှိုက်ရခြင်း ဖြစ်ပေသည်။ 'ဟဲ့ကောင်လေး ဘာငေးနေတာလဲ လာလေ' ဟု ဦးလေးဖြစ်သူက ခေါ်မှ လှည်းများနောက်သို့ ပြေး၍ လိုက်ခဲ့ရ၏။ ကျွန်တော်၏ နှလုံးသားမှာက ခုန်မြူးကြွ၍ နေပေပြီတကား။

အရိပ်ကောင်းသော အင်ကြင်းပင်ကြီး တစ်ပင်အောက်မှာ စခန်းချကြ၏။ နေရာကို ရှင်းသူက ရှင်း၊ ချက်ပြုတ်သူက ချက်ပြုတ်နှင့် အလုပ်ရှုပ်ကြပြန်ပြီ။ ဘေးမဲ့ပေးထားသော ကျွန်တော်ကား အနီးပတ်ဝန်းကျင် လှည့်လည်ကြည့်မိ၏။ ဦးလေးတော်သူ ကိုသန့်ဇင်လည်း လိုက်ပါလာသည်။

ပင်ပျိုသည်လည်း ပင်ပျိုအလျောက်၊ ပင်အိုသည်လည်း ပင်အိုအလျောက် တောင်ကိုင်းဖျားမှသည် မြောက်ဘက်ကိုင်းဖျားသို့ တိုင်အောင်၊ အရှေ့ဘက်ဖျားမှသည် အနောက်ဘက်ကိုင်းဖျားသို့ တိုင်အောင်၊ ပင်စည်ရင်းဆီမှသည် အပင်ထိပ်ဖျားသို့ တိုင်အောင် သန္တာရည်သွေးရှိသော အခိုင်အခိုင်၊ ရွှေရည်လူးသော အဖူးအငုံတို့ဖြင့် ပင်လုံးကျွတ်ပင် မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်နေကြတော့သည်။ ပင်လုံးကျွတ်ပင် ကြိုင်လှိုင် ချိုလှောက် မွှေးရည်သောက်နေတော့ပြီ။ အမှန်အားဖြင့်မူ ရှေ့သို့ မျှော်ကြည့်လျှင် လည်းကောင်း၊ ဝဲယာ တစ်ဘက် တစ်ချက်ကို မျက်စိတဆုံး ကြည့်လျှင်သော် လည်းကောင်း အတောမသတ်သော အလှ၊ အတောမသတ်သော မွှေးရနံ့တို့ဖြင့် "တောလုံးကျွတ်" ပင် အစွမ်းကုန် ပွင့်နေခြင်း ဖြစ်တော့သည်။

ဟို ဒီလျှောက်ကြည့်ရင်းက ဦးရွှေနီပြောသော အချက်များကိုလည်း သတိထား ကြည့်မိပြန်သည်။ ယခုလို တောလုံးကျွတ်အပွင့် မပွင့်မီကပင် တောလုံးကျွတ် အရွက်ကြွေလိမ့်မည်။ တောထဲဝယ် ရွက်ကြွေများ ရှိသင့်သလောက် ရှိသော်လည်း အလွန်မများလှဟု ထင်သည်။ နောက်ပြီး သေးသေးကွေးကွေး အင်ကြင်းပင်ကလေးများကို ရှာဖွေကြည့်ရှုရာ ချုံဖုတ်ပင်များ၊ ဆူးချုံများလောက်သာ တွေ့ရ၏။ အင်ကြင်းကို မမြင်။ တစ်ဖန် ဤနေရာဌ် ခြေသလုံးလောက် တုတ်သော ပင်ပျိုများ ပေါက်နေလျှင် အားလုံးတို့သည် ရွယ်တူ ရပ်တူတွေချည်း ဖြစ်ကြ၏။ ဤနေရာဌ် လူ၏ ကိုယ်လုံးလောက်

တုတ်သော အပင်များ ပေါက်နေလျှင် ထိုကဲ့သို့သော ရှယ်တူ အပင်ချည်းသာ ဖြစ်ကြောင်း တွေ့ရ၏။ ကျွန်တော်ကား ကိုယ်တွေ့ဖြစ်နေ၍ ယုံကြည်ရပေပြီ။ ကိုသန့်ဇင်အား ပြောပြရာ ကိုသန့်ဇင်ကလည်း 'အေးကွ' ဟု ဆို၏။

ဤမျှ လှပ၍ ဤမျှ များပြားသော ပန်းတွေကို မြင်တွေ့နေရသော အခါ ကျွန်တော့် ရင်ထဲမှာ ခူးချင်သော စိတ်တွေ ပြင်းပြလာလေသည်။ ကိုသန့်ဇင်အား ပြောပြန်ရာ တောစောင့်နတ်များကို ခွင့်တောင်းပြီးမှ ခူးရကြောင်း သင်ပြပေးသဖြင့် ခူးမည့် အပင်ဘက်သို့ လက်နှစ်ဖက်ဖြင့် လက်အုပ်ချီရင်း "ခူးခွင့်ပေးပါခင်ဗျာ" ဟု တီးတိုးရေရွတ်၍ အပင်ပေါ်လည်း မတက်ဝံ့သည်နှင့် လက်လှမ်းမှီရာ အကိုင်းတစ်ကိုင်းကို ချိုးလိုက် ရလေသည်။ ထို့နောက် နှစ်ယောက်သား စခန်းချရာသို့ ပြန်လာခဲ့ကြလေသည်။

"ဟေ့ မင်းတို့ ဘယ်လျှောက်လည်နေကြသလဲ၊ ဒို့စားတောင်ပြီးပြီ" ဟု ဦးလေးဖြစ်သူက ခနဲ့စကား ဆိုလေသည်။ အားလုံးပင် ချက်ပြုတ်ပြီး၍ စားဖို့ ပြင်ဆင်နေကြပြီ။ ထိုအခါ ကိုသန့်ဇင်သည် နတ်ပွဲပေးဖို့ဆိုကာ စားဦးစားဖျားကို ခူးခပ်ကာ နတ်ကွန်းရှိရာဘက်သို့ ကိုအေး အဖော်ခေါ်၍ ထွက်သွားလေသည်။ ဦးရွှေနီကလည်း အခြားပန်းကန်တစ်ခုဖြင့် စားဦးစားဖျား တွင်ပင် ခူးခပ်ကာ စခန်းချသော အင်ကြင်းပင်ကြီး၏ ရုက္ခစိုးနတ်ကို ပသပြန်လေသည်။ ဤသို့ ပူဇော်ပသ ပြီးသောအခါ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့၍ စားကြ၏။ ကျွန်တော် စား၍ မြိန်သည်ကို စာဖွဲ့လျှင် ပို၍နေပေတော့မည်။ သို့သော် ထမင်းမြိန်စားရင်း အပေါ်သို့ မော့ကြည့်မိရာ မထူးဆန်းပါဘဲနှင့် ကျွန်တော့်မှာ အံ့သြမိရပြန်သည်။ ကျွန်တော်တို့ နေခိုနေသော အရိပ်ကား အခြားသစ်ပင်များ၏ သစ်ရွက်ရိပ်လောက် အေးမြသော်လည်း သစ်ရွက်ရိပ် မဟုတ်ဘဲ အင်ကြင်းပန်းရိပ် (ဝါ) 'ပန်းအရိပ်' ဖြစ်နေသောကြောင့်တည်း။

အမှန်မှာမူ အပေါ်သို့ မော့ကြည့်လျှင် ဖူးပွင့်ဝေဆေ ရွှေရည်လန်းလန်းနှင့် အင်ကြင်းပန်းများကိုသာ မြင်ရ၏။ နေခြည်သော်မှ မထိုးဖောက်နိုင်ရာ။ ဘေးဖက် ပတ်ပတ်လည် ကြည့်မိရာတွင်လည်း အပွင့်စိပ်စိပ် အခက်သိပ်သိပ်ဖြင့် တစ်စိတ်စာကလေး နေရာလပ်မပေးသော အင်ကြင်းပန်း နီထွေးထွေး များကိုပဲ မြင်ရတွေ့ရပြန်သည်။ 'ကျွန်တော်တို့ ထိုင်နေသော နေရာမှာလည်း မြေကြီးရိုးရိုး မဟုတ်၊ အင်ကြင်းပင်ထက်မှ အစွမ်းကုန်ပွင့်၊ အစွမ်းကုန်မွှေး၊ အစွမ်းကုန် လှခဲ့ပြီး အလှည့်ကျ စုတေ၊ မြေသို့ ကြွေကျသော အင်ကြင်းပန်း မနွမ်းတနွမ်းတို့ အထပ်လိုက် အထပ်လိုက် စုပုံနေသည့် ပန်းမွေ့ရာကြီး ဖြစ်

လေသည်။ ထိုနေ့သည် ကျွန်တော်၏ တစ်သက်တာဝယ် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်တော့သည်ကို စာဖတ်သူအား မပြောဘဲနှင့် သိလိမ့်မည် ထင်ရသည်။

စားသောက်ပြီးကြသောအခါ ဆေးကြောသူက ဆေးကြော၊ လည်ပတ်သူက လည်ပတ်၊ ဝိုင်းဖွဲ့စကားပြောသူက ပြော၊ စာဖတ်သူက ဖတ်၊ ရေနွေးအိုး ဆက်လက် တည်သူက တည်နှင့် အသီးသီး အလုပ်များကြပြန်လေသည်။

"ဦးရွှေနီ ဒီသစ်လှတောဟာ ဘယ်ဟာကအနံ ဘယ်ဟာက အလျားလဲ၊ ဘယ်လောက် ကြီးသလဲ"

"တောင်နဲ့ မြောက်က အနံ၊ အရှေ့နဲ့ အနောက်က အလျား၊ အနံတစ်မိုင်ကျော်ကျော်၊ အလျား နှစ်မိုင်နီးပါးလောက် ရှိတယ်"

ဦးရွှေနီကလည်း ကျွန်တော် စပ်စုသမျှ စိတ်ရှည်လက်ရှည် ဖြေရှာလေသည်။ ကျွန်တော်သည် စာအုပ်တစ်အုပ် ယူပြီး အခြား အင်ကြင်းပင်ပျိုတစ်ပင်အောက် အင်ကြင်းပန်း မွှေ့ရာပေါ် သွားထိုင်ကာ စာတော့ မဖတ်ဖြစ်၊ တောင်တောင်အီအီ စဉ်းစားကြည့်မိ၏။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားမြင်ရာ လုမ္ဗိနီ အင်ကြင်းတောသည် ဤတောလိုပင် နေလိမ့်မည်ဟု ကျွန်တော် စိတ်ကူးကြည့်မိ၏။ ဆဒ္ဒန်ဆင်မင်းသည် သူ၏ ဆင်မိဖုရားနှစ်ပါး မဟာသုဘဒ္ဒါ စူဠသုဘဒ္ဒါတို့အား ဆွတ်ခူးပေးသော အင်ကြင်းခက်များသည်လည်း ဤအင်ကြင်းခက်များလိုပင် နေပေလိမ့်မည်။ သူတို့ ပျော်မြူးကြသော အင်ကြင်းတောနှင့် ထပ်တူထပ်မျှပင် ဤအင်ကြင်းတောလည်း သာယာပေလိမ့်မည်။ ဤသို့ တွေးကြည့်ရင်း ပန်းများကို ငေးကြည့်ရင်း ရှေးခေတ်ကိုပင် လွမ်းမိလာ၏။ မြင်ယောင်လာ၏။

တစ်ဖန် ပန်းဘဲကိုတင့်တယ်နတ်က သူ၏ နှစ်မ ဒွေးဖြူ မြတ်လှတို့အား ပန်းပန်စေဖို့ရာ ဤသစ်လှတောကို တကယ်ပင် အပိုင်စားပေးခဲ့လေသလော။ ဤတော၏ လှပပုံ၊ သာယာပုံ၊ အင်ကြင်းချည်း စုစည်းပေါက်ရောက်ပုံကား အံ့ဖွယ်ကောင်းပေစွ။ ပင်ပျို ပင်ပျိုချည်းတစ်သိုက်၊ ပင်အို ပင်အိုချည်းတစ်သိုက် ပေါက်ရောက်ပုံကို ထောက်လျှင် အလေ့ကျ မပေါက်နိုင်လေရာ။ အလေ့ကျ မပေါက်လျှင် ကျွန်တော်တို့၏ အဘိုး၊ အဘွား၊ ဘေး၊ ဘီ၊ ဘင် စသည့် ရှေးလူကြီး သူမများ စိုက်ခဲ့ဟန် တူသည်။ ယနေ့စိုက်၍ နက်ဖြန်အပင်ပေါက်ပြီး သန်ဘက်ခါ ပန်းမပွင့်နိုင်လေရာ။

ကျွန်တော် ကြားဖူး သိဖူးသမျှ ရှေးလူကြီးသူမများသည် သူတို့ မမြင်နိုင်သော မြေး၊ မြစ်၊ တီ၊ တွတ် (ဝါ) နောင်လာ နောက်သားများ အပေါ်တွင် အလွန်စေတနာ ရှိကြသည်။ သူတို့ တစ်သက်တွင် ဘယ်နည်းနှင့်မှ မစားသုံးနိုင်မှန်း သိပါလျက် ဥယျာဉ်ကိုလည်း ပြုစုခဲ့ကြသည်။ ပန်းပင်ကိုလည်း စိုက်ခဲ့ကြသည်။ သရက်၊ ပိန္နဲ၊ မာလကာတို့လည်း စိုက်ခဲ့ပျိုးခဲ့ကြသည်။ မန်ကျည်း၊ အုန်း စသည်တို့ကိုလည်း စိုက်ခဲ့ကြသည်။ ဤ သစ်လုတောကို လည်း အသားကို သုံးလိုသော် သုံးစေ အပွင့်ကိုမူ မြင်သူ မှန်သမျှ ကြည်နူးကြရသည့်ပြင် ဘုရားပန်းလည်းကပ်၊ ပန်းလိုလည်းပန်၊ ရပ်ရွာဒေသမှာလည်း တောအုပ် ကောင်းကောင်း ရှိစကောင်းသည် ဟူသော စေတနာဖြင့် ရှေးလူကြီး သူမများပင် စိုက်ခဲ့ပျိုးခဲ့ရမည်ဟု တထစ်ချ ဆုံးဖြတ်လိုက်မိသည်။ ထိုသို့ အတွေးလွန်နေစဉ် သစ်လုတောကို ဖြတ်သန်း၍ လေညင်း ညှံ့ညှံ့ အေးအေးလေး တိုက်လာလေသည်။ အင်ကြင်းပန်းနံ့များကလည်း ပို၍ မွှေးကြိုင်လှိုင် လာသည်။ လူလည်း ခပ်ယစ်ယစ် ဖြစ်လာပြီး တစ်မှေး အိပ်ပျော်သွားမိလေတော့သည်။

အိပ်ရာမှ နိုးလာသောအခါ နေစွယ်ကျိုးစပြုနေပြီးလျှင် နေ့လည်စာ လက်ဖက်ရည်ပွဲပင် ပြင်ဆင်နေကြလေပြီ။ ကျွန်တော်လည်း ရရာရေနှင့် မျက်နှာသစ်ပြီး လက်ဖက်ရည်သောက် မုန့်စားလုပ်ရ၏။ ဦးလေးခင်ကြီးက မူ အလည်ကြွုးနေသူများအား အော်ခေါ်နေလေသည်။ သူ့ အသံဝါကြီးမှာ သစ်လုတော တစ်တောလုံး ဟိန်း၍ ပဲ့တင်ပြန်လျက် ရှိလေသည်။ သူ့အော်သံကြောင့်ပင် အလျှိုအလျှို ပြန်ရောက်လာကြ၏။

ဦးရွှေနီ ငှားရမ်းပေး၍ သစ်ပင်တက်ကောင်းသူ စည်ပင်သာရွာသား တစ်ယောက် ရောက်လာသည်။ ကျွန်တော်တို့ လိုချင်သော အင်ကြင်းပန်းများ ခူးရန် ဖြစ်လေသည်။ ခူးဆွတ်လိုသည့် အပင်ကို ညွှန်ပြသောအခါ ထိုအပင် ခြေရင်းမှာ ဓါးသွား၍ ထောင်ထား၏။ အပင်စောင့်နတ်၊ တောစောင့်နတ်များ ကိုလည်း တိုင်တည် တောင်းပန်ထားသေးသည်။ အတော်ကြာ၍ ဓါးလည်း လဲမသွားသည်နှင့် ခူးခွင့်ရပြီဟုဆိုကာ ထိုလူသည် အပင်ပေါ်သို့ သီချင်း တကြော်ကြော်ဆိုပြီး မျောက်ကလေးလို ပြေးတက်သွားလေသည်။ သီချင်း တကြော်ကြော်နှင့်ပင် အင်ကြင်းခိုင်များကို ခုတ်၍ ခုတ်၍ ချပေးလေရာ ကျွန်တော်တို့က လိုက်လံ ကောက်ယူပြီး လှည်းနှစ်စီးပေါ် တင်ကြရ၏။ သူ ဆိုသော သီချင်း တစ်ပိုင်း တစ်စ,ကား

"ဘော်ဌေဖြူ ဒင်္ဂါးပျောက်မှု စက္ကူရောက်လာ လွယ်ကူသုံးစွဲရပေတော့တာ ရှေးယခင်နဲ့ ဤခေတ် မတူပါ" ဟူ၍ ဖြစ်လေသည်။ သူ့အသံသည် တစ်တောလုံး ညံနေသည်။ ညနေစောင်းလာပြီး ဖြစ်၍ ငှက်များ ကြက်တူရွေးများလည်း ညံညံ ကြွေးစပြုပြီ။

သစ်လှတောအနေနှင့်ကား တစ်တောလုံး လှတုန်း မွေးတုန်းရှိလေသည်။

အထက်ပါလူ ခူးဆွတ် ခုတ်ချိုင်ပေးသဖြင့် အင်ကြင်းပန်းများမှာလည်း လှည်းနှစ်စီးပေါ်ဝယ် ပြည့်လျှံ မောက်ဖုံး၍ နေပေပြီ။ ပြန်ခရီးကလည်း မနီးလှသည်နှင့် နွားများထည့်၊ ဝန်စည် စလယ်တင်ကာ အပြန်ခရီး စတင်ခဲ့ကြရ၏။ လူကြီးများက ခြေလျှင်လိုက်သူ လိုက်ပါလာကြသော်လည်း ကျွန်တော်ကား လှည်းမောင်းသူနှင့် ကပ်၍ စီး၏။ စီးစရာကလည်း တစ်လှည်းလုံး အင်ကြင်းပန်းတွေ ပြည့်ကြပ် မောက်လျှံနေ၍ ပန်းတွေပေါ်မှာ ထိုင်လိုက်ရသည်။

ကျွန်တော်တို့ လှည်း၏ နောက်ဖက်တွင်မှ အင်ကြင်းတိုင်းပြည်ဟု ခေါ်လောက်သော သစ်လှတောကြီးသည် ဝင်လုဆဲ နေလုံး နီနီကြီးနှင့် ယှဉ်တွဲ၍ ကျန်ရစ်ခဲ့လေသည်။ ကျွန်တော် အလွန်ချစ်သော အင်ကြင်းပင်ကြီးများ အင်ကြင်းပန်းများကို စိတ်မှသာ နှုတ်ဆက်လိုက်ရ၏။

ထိုသို့ နှုတ်ဆက်ရင်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့သော သစ်လှတောကို ငေးကာ အင်္ဂလိပ် စာနယ်ဇင်းတို့၌ မြင်ဖူးသော ပင်လုံးကျွတ် ပန်းပွင့်များကိုလည်းကောင်း၊ ဂျပန်ပြည်၏ ချယ်ရီပန်းများကို လည်းကောင်း သွား၍ သတိရမိသည်။ ထိုအခါ ကလေးစိတ်နှင့် ယှဉ်ပြိုင်ချင်သောစိတ် ပေါ်လာလေသည်။ သူတို့ပြည်ဝယ် သူတို့ပန်းများသည် ပထမတန်းဟု ဆိုလျှင် ကျွန်တော်တို့ ပြည်ဝယ် ဤအင်ကြင်းပန်းတို့သည် ပထမတန်းဟု ကလေးစိတ်ဖြင့် ထင်လိုက်မိပေသတည်း။

. . . . . . . . . . . . .

ဂျပန်အပြေး အင်္ဂလိပ် ပြန်အဝင်တွင် ချောင်ခိုတတ်သော ဂျပန်တပ်များကြောင့် ကျွန်တော်တို့ တက်မရွာကလေးမှာ မကြုံစဖူး စစ်တလင်း အဖြစ်ထူးဖြစ်ရခြင်း ခံရကာ မီးလောင်ပြာကျပြီး ကျွန်တော်တို့လည်း ဖုံး၊ စက်သေနတ်ကြားမှ လု၍ ပြေးခဲ့ကြရလေသည်။

ဂျပန်ခေတ်လွန်၍ ကမ္ဘာစစ်ကြီး ပြီးသွားသောအခါ ဘအိုနှင့် ခွဲခွာပြီး မိဘနှစ်ပါးနှင့်အတူ ညောင်ဦးမှာ နေရပြန်သည်။ ထိုစဉ်တွင် ကျွန်တော်သည် အစိုးရ အထက်တန်းကျောင်းသို့ တက်ရောက် သင်ကြား၍ ဆယ်တန်းအောင်သောအခါ ဘအိုကပင် ဆက်လက် ပို့ပေး၍ ရန်ကုန်တက္ကသိုလ်မှာ ပညာ သင်ကြားရပြန်သည်။

ကျောင်းပိတ်ရက်များ ရောက်၍ ဇာတိချက်ကြွေ အညာပြည်သို့ ပြန်ခဲ့သောအခါ မိဘများရှိရာ ညောင်ဦးသို့သာ ပြန်ရ၏။ တစ်ဖန် တောရွာဘက်တွင် ဆူပူသောင်းကျန်းမှုကြောင့် နေမဖြစ်၍ မြို့ပြောင်းလာရသော ဘအိုနှင့် ဦးလေးများရှိရာ ချောက်၊ ကျောက်ပန်းတောင်းမြို့သို့လည်း သွားရသည်။ ကျွန်တော်တို့ ရွာတွင်မူ အလံနီများ ကြီးစိုးနေသည်ဟု သိရ၏။ ကျွန်တော်အနေနှင့် ဇာတိ ရပ်ရွာထိအောင် မသွားနိုင်ပါ။ တစ်နှစ်မှ တစ်ခေါက်လောက် ပြန်နိုင်သည့်အထဲ ယခုလို မသွားနိုင် ပြန်သောအခါ ပို၍ပင် ရွာကို လွမ်းမိသည်။ ပို၍ စိတ်မကောင်း ဖြစ်မိ၏။

ရန်ကုန်တက္ကသိုလ်မှ ထွက်ခဲ့ပြီးနောက် ကျွန်တော် ဝါသနာပါသော အယ်ဒီတာ အလုပ်ကလေး ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ပရိယေသနကိစ္စ၊ ဟိုကိစ္စ၊ ဒီကိစ္စနှင့် ကိုယ့်ရပ် ကိုယ်ရွာ မပြန်ဖြစ်ဘဲ အတော်ကြာသွားလေသည်။ မာကြောင်း သာကြောင်းသာ အိမ်သို့ စာရေးပြီး ဘအိုနှင့် မိဘများထံမှလည်း မာကြောင်း သာကြောင်းသာ စာရ၏။ လူကြုံများတွေ့လျှင်လည်း နယ်သတင်း၊ ဆွေမျိုးမိဘ မာချာသော သတင်းကိုသာ အရင်မေးရ၏။

ထိုနောက်တွင်မူ ကျွန်တော်တို့ တက်မ ရွာကလေးကို အစိုးရတပ်များ ပြန်လည် သိမ်းပိုက်၍ အေးချမ်းနေပြီ ဖြစ်ကြောင်း ရွာအရှေ့ဘက် "နှစ်မကြည့် ဘုရား" ကြီးပင် ဓာတ်မီးစက်ဖြင့် ဆီမီးတထိန်ထိန် လင်းနေပြီဖြစ်ကြောင်းများကို ကြားရတော့သည်။ ထိုကဲ့သို့ နေသားကျနေပြီဖြစ်ကြောင်း သတင်းများ ကြားရပြီးနောက် နိုင်ငံတော် အစိုးရအနေနှင့် ကျွန်တော်တို့ ဒေသ (မိုးခေါင် ရေရှား ရပ်ဝန်းဒေသ)တွင် သဲကန္တာရကြီး ဖြစ်မသွားရေးဟူသော ရည်ရွယ်ချက်ဖြင့် ပုပ္ပားတောင် ရေဝေ ရေလဲ စီမံကိန်းများ၊ သစ်ပင် စိုက်ပျိုးရေး စီမံကိန်းများ ရှိပြီးသား သစ်တောများကို ကြိုးဝိုင်းရေးများ စီမံပြုလုပ်ကြောင်း ကြားသိရပြန်ရာ ကျွန်တော့်မှာ မိမိဒေသအတွက် ဝမ်းမသာဘဲ မနေနိုင်ပါ။ ကျွန်တော်တို့ ဒေသမှာ မိုးခေါင်၍ သစ်တောရှားပါးသည့်အထဲ ထန်းလုပ်ငန်းအတွက် တောင်သူတို့သည် တစ်နှစ်ပတ်လုံးတွင် နှစ်တစ်ပတ်လည်

အောင် ထင်းခုတ်ကြရလေရာ ကြာလေ သဲကန္တာရဖြစ်လေ.... ဖြစ်တော့မည်ကို ကြိုတင် သိထားရသောကြောင့်တည်း။ ထင်းအစား အခြားပစ္စည်းလည်း သူတို့ မရှိကြ။

ထိုကဲ့သို့ စီမံကိန်းအလျောက် ကြိုးဝိုင်းရာတွင် ကျွန်တော် ချစ်လှသော သစ်လှတောကိုလည်း ကြိုးဝိုင်းထားပြီး ဖြစ်လိမ့်မည်ကို ကြိုတင်၍ တွေးမိမြင်မိနေပေသည်။ ပြက္ခဒိန်ကို ပြန်လှန် စစ်ဆေးကြည့်လိုက်ရာ ကျွန်တော် ချစ်လှသော ဇာတိ တက်မရွာကလေးနှင့် လည်းကောင်း၊ အဆိုပါ သစ်လှတောနှင့်လည်းကောင်း ကင်းဝေး၍နေခဲ့သည်မှာ ဆယ်နှစ်ကျော် ဆယ့်နှစ်နှစ်ခန့်မျှကြာမြင့်ခဲ့လေပြီ။ တစ်ခါမျှ ဤမျှကြာအောင် မကွဲကွာဘူး၍ ဝမ်းနည်းစိတ်တွေ ပြည့်ကျပ်လာမိသည်။ အေးဆေးနေပြီမှ သိရ၍လည်း မကြာမီ ဇာတိရွာနှင့် သစ်လှတောဆီသို့ အရောက်ပြန်ဦးမည်ဟု ဆုံးဖြတ်လိုက်မိသည်။

လွမ်းမိသောအချိန်နှင့် တိုက်ဆိုင်၍လာတော့ မပြောတတ်။ တစ်နေ့သော နေ့လည်ဘက်တွင် ကျွန်တော်၏ ရုံးခန်းထဲသို့ ဘာသံမကြား ညာသံမကြား ဦးရွှေနီနှင့် စည်ပင်သာရွာသားတစ်ယောက် ပေါက်လာတော့သည်။ ကျွန်တော့်မှာ ဝမ်းသာ အံ့သြလွန်းလှ၍ ပြုံးရယ်၍သာနေပြီး "လာ ထိုင်ပါ. . ." ဟုပင် မခေါ်မိဘဲ ဖြစ်နေသည်။

ဦးရွှေနီနှင့် မတွေ့ရသည်မှာလည်း ဆယ်နှစ်ကျော်ပေပြီ။ ကျွန်တော့်ကို မြင်လျှင် "ကြားတဲ့အတိုင်းလဲ ဝပါရဲ့ဗျာ" ဟုဆိုကာ ကျွန်တော့် စားပွဲရှေ့က ကုလားထိုင်မှာ ဝင်ထိုင်ကြသည်။ ဦးရွှေနီကား ကျွန်တော် ငယ်ငယ်တုန်းက မြင်နေ တွေ့နေကျအတိုင်း မူမပျက် အိုလည်း မအိုဇာလှဘဲ ရှိသေးသည်။ သူ့ခေါင်းတွင် ပေါင်းနေကျ ပန်းနု ပုဝါအိုလေး ပေါင်းထားသည်။ သူ၏ ရောင်ထုံးမှာလည်း ထုံးနေကျအတိုင်း နောက်တွဲ ထုံးထား၏။ ဝတ်နေကျ ပင်နီ ဖျင်ချော တိုက်ပုံကို ဝတ်ထားသည်။ အသားအရေ အရပ်အမောင်း အလုံးအဖန် လွန်ခဲ့သော ဆယ်နှစ်တုန်းကလိုပင် ဖြစ်၏။ ပြုံးပုံ၊ စကားပြောပုံတို့မှာလည်း ဟိုတုန်းကအတိုင်း ဖြစ်လေသည်။ သူကား အရွယ်တင်သောအစားထဲက ဖြစ်၏။ ကျွန်တော်တို့ ကလေးဘဝထဲက ဦးရွှေနီကို မြင်တွေ့လာခဲ့ရာ ယခုအတိုင်း တထေရာတည်း အမြဲတွေ့ရသည်။ စကားသံနှင့် အမူအရာတို့ပါ မပြောင်းလဲခြင်းကို ကျွန်တော်ပို၍ အံ့သြမိသည်။

"ဘယ့်နှယ် ဘာသံမကြား ညာသံမကြား ဦးရွှေနီရယ် ဘယ်က ဘယ်လိုလာခဲ့တာလဲ၊ ရွာက လာခဲ့တာပဲလား"

"စထွက်တော့ ရွာကပေါ့လေ။ ထွက်လာတာတော့ ကြာပြီ၊ အောက်ချောင်းတဲ မယက်တို့၊ လှည်းဆိပ်တို့၊ ဘိုကလေးတို့ဆီ သွားတာ အပြန် ကျမှ ရန်ကုန် ဝင်တော့မယ်လေ ဆိုပြီး ခင်ဗျား ဘ,ကလည်း ဝင်ဖြစ်အောင် ဝင်ခဲ့ဖို့ မှာတာကို၊ နောက်ပြီး မတွေ့ရတာလဲ ကြာတော့ တွေ့လည်း တွေ့ ချင်လို့ပေါ့"

ကျွန်တော့်မှာ ဝမ်းသာနေ၍ စကားစ ရှာမရနိုင်။ လက်ဖက်ရည်၊ မုန့်တို့ဖြင့် 'စားပါဦး' ဟု ညွှန်ခံရ၏။ ဆေးလိပ် တည်ရ၏။

"ကျွန်တော့် ဘ,က ဘာမျှား မှာသေးတုန်း"

"ဘာမှတော့ အထူး မမှာပါဘူး၊ ပြန်နိုင်ရင် ပြန်ခဲ့ဖို့ပါပဲ"

"နေတော့ကောင်းရဲ့နော်"

"အင်. . . ခုဖြင့် မာပေါ့ဗျာ"

"ဦးရွှေနီတို့ အိမ်သားများရော မာကြရဲ့ မဟုတ်လား"

"မာကြပါတယ်"

"အင်းလေ. . . ကျောက်ပန်းတောင်း၊ ငွေးချို၊ ချောက်၊ စဉ့်ကူ၊ ညောင်ဦး ဆွေမျိုးအားလုံးပဲ နေကောင်းကြတယ်ပေါ့"

"ဟုတ်တယ်"

"ရွာလည်း ခုတော့ စစ်တပ်ရှိလို့ အေးနေတယ် ကြားတယ်"

"ဟုတ်တယ်"

"စည်ပင်သာလည်း အေးရဲ့"

"ဟုတ်တယ်"

ဦးရွှေနီသည် ကျွန်တော် တည်သော လက်ဖက်ရည်၊ မုန့်တို့ကို စားသောက်ရင်း ကျွန်တော်ကလေးဘဝက ကျွန်တော့် ဦးလေးများနှင့် ကျွန်တော့် ဘအိုဖိုးစံရုံကို ဆက်ဆံနည်း၊ ကျွန်တော်အား ပြောဆို ဆက်ဆံနေရာ ကျွန်တော့်မှာ ဝမ်းသာဝမ်းနည်းလည်း ဖြစ်ရ၏။ အားတုံ့ အားနာလည်း ဖြစ်ရသည်။

"ဘယ်တော့ ပြန်မလဲ"

"မနက်ဖြန် ပြန်မယ်"

"ဟင်. . . မြန်လှချီရဲ့၊ ဘုရားတွေကော နဲ့အောင် ဖူးပြီးပြီလား"

'ရွှေတိဂုံနဲ့ ကမ္ဘာအေးတော့ ရောက်ပါပြီ' တစ်ဖန် ဦးရွှေနီကပင် ဆက်လက်၍ 'ခင်ဗျား ဘဆီ စာတစ်စောင်လောက်တော့ ရေးပေးလိုက်ဦးလေ။

သူက ဝင်ဖြစ်အောင် ဝင်ခဲ့ဖို့ အထပ်ထပ် မှာတာဗျာ"

"ဒါဖြင့် ခုပဲ ရေးလိုက်ပါ့မယ်။ မကြာပါဘူး" ဟု ပြောပြီး ဦးရွှေနီ လက်ဖက်ရည် သောက်နေစဉ် ကျွန်တော်လည်း ဘထံ စာတစ်စောင် ပြီးအောင် ရေးလိုက်၏။ နောက် ဦးရွှေနီ လက်ထဲ ထည့်လိုက်သည်။

"ကျွန်တော်တို့ ဘက်တွေမှာ ပြီးခဲ့တဲ့နှစ်က မြေပဲတို့ နှမ်းတို့ ဘယ်နဲ့ နေသလဲ၊ တော်တော် ရကြရဲ့လား"

"အရင် နှစ်တွေနဲ့စာရင် တော်တယ် ခေါ်ရမှာပေါ့ဗျာ'

"မိုးကော"

"ဟာ. . . မိုးကတော့ အတော်ကောင်းသဗျား။ နှစ်နှစ် သုံးနှစ်လောက် ရှိပြီ မိုးကောင်းနေတာ"

"ကျောက်ပန်းတောင်းကော ရောက်ရဲ့လား"

"တစ်ခါတစ်ခါတော့ ရောက်ပါတယ်"

"နေပါဦး ဦးရွှေနီရဲ့၊ အစိုးရက သစ်တောတွေ ကြိုးဝိုင်းလို့ဆို"

"ဟုတ်တယ် ကြိုးဝိုင်းတာ တွေ့ရတာပဲ"

"ဦးရွှေနီတို့ သစ်လုတောကော"

"ဟောဗျာ. . . သစ်လုတောက ကုန်ပါပေါ့လား"

"ခင်ဗျာ"

"သစ်လုတော မျိုးပြုတ်တာ ကြာပါပေကော။ ခင်ဗျားက မသိသေးဘူး ထင်တယ်"

ကျွန်တော်သည် ဦးရွှေနီ၏ စကားကို မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိ၏။ ပါးစပ်များပင် ဟ၍ အံ့အားသင့်သွားမိသည်။ စည်ပင်သာ အရှေ့ဘက်က ရွှေတောင်ညို တောင်ကြီး ပြိုကျပြီး ကွင်းပြင်ကြီး ဖြစ်သွားသည်ဟု ဆိုလျှင် ထိုမျှ ကျွန်တော် အံ့သြမိမည် မထင်။ ဦးရွှေနီ စကားကို ကျွန်တော် မယုံလျှင် ကျွန်တော်ပင် ရူး၍ ဖြစ်ပေလိမ့်မည်။

'နေစမ်းပါအုံး ဦးရွှေနီရယ် သစ်လုတောကြီး တစ်တောလုံး မျိုးပြုတ် ရအောင် ဘာဖြစ်လို့တုန်း။ မီးလောင်ကုန်လို့လား ဘယ်တုန်းက ဖြစ်တာတုန်း'

"ဟောဗျာ အလံနီတွေ ကြီးစိုးတုန်းကပေါ့။ သူတို့က နတ်ဆိုတာ အယုံအကြည် မရှိဘူး။ ကိစ္စမရှိဘူးဆိုပြီး ခုတ်ခွင့်ပေးတော့ ခုတ်ယူကြတာပေါ့။ ခုတ်ကြတဲ့ သူတွေကတော့ ခင်ဗျားတို့ ရွာသား၊ ကျုပ်တို့ ရွာသားလည်းပါရဲ့ စည်ပင်သာ၊ ဒန်း၊ ဟင်းခွက်အိုင်၊ ညောင်နီကျင်း၊ ကြီးနီ၊ တောင်ဘီ၊ ရွာအားလုံး

ကပါပဲ။ ပထမ သစ်ကိုင်းခုတ် နောက် အပင်လှဲ တဖြည်းဖြည်းကျတော့ အမြစ်ပါတောင် တူးယူကြသေးဗျာ"

'အို. . . ဖြစ်မှ ဖြစ်ရပလေ အလံနီတွေက ခုတ်ခွင့်ပေးလို့'

'အင်းလေ. . . သူတို့ လူတွေပဲ ဝင်ခုတ်ကြတာပဲ'

'တစ်ပင်ဆို တစ်ပင်မှ မကျန်တော့ဘူးပေါ့'

'ဟုတ်တယ်'

ကျွန်တော်သည် ဆက်၍ မမေးတော့ပါ။ ဆက်မမေးနိုင်အောင်လည်း ရင်ထဲမှာ ပြည့်ကျပ်၍ လာသည်။ ဦးရွှေနီ၏ စကားသည် ကျမ်းကိုင်ပြီးစစ်သော သူ၏စကားထက် ယုံကြည် စိတ်ချရသည်ကိုလည်း ကလေးဘဝကထဲက သိခဲ့ရ၏။ ဦးရွှေနီသည် ကျွန်တော့် ဘဆိုလည်း ဟုတ်နိုင်သည်။

ကျွန်တော်သည် ဆက်၍ မမေးတော့ဘဲ ဦးရွှေနီကိုသာ ငေး၍ ကြည့်နေမိသည်။ ကျွန်တော် အညာသို့ မပြန်ဖြစ်သော ကာလ အတောအတွင်းဝယ် အဘိုး၊ အဘွား၊ ဆွေမျိုးရင်းချာများ ဖြစ်သော ဖိုးအင်္ဂါ၊ ဖိုးရဲကျော်၊ ဒွေးလေး မယ်စိုးရ စသည်တို့ သေဆုံးကြောင်း ကြားသိခဲ့ရ၏။ ထိုစဉ်က ပူဆွေးလွမ်းဆွတ်မိသည်နှင့် ထပ်တူထပ်မျှပင် ယခု သစ်လှတော ပျက်ပြုန်းသွားကြောင်း ကြားရသောအခါ ကျွန်တော် ဝမ်းနည်းမိသည်။

တစ်သက်လုံး မွေးသော ကြက်ကို တစ်မနက်နှင့် ရိုက်သတ်စားသော အပြုမျိုး ပြုရက်ကြသည့် ရွာသူရွာသားများကိုလည်း စိတ်ဆိုးချင်သည်။ အလံနီများ ခုတ်ခွင့်ပေးသည်ကိုလည်း စိတ်ဆိုးချင်မိသည်။ လူတွေသည် သက်မဲ့ သစ်တောကိုပင် မညှာမတာ ကိစ္စတုံး ပြုရက်ကြသည်။ ပြန်လည်စိုက်ပျိုးလျှင် အနှစ်ငါးဆယ်နှင့် ရနိုင်တော့မည် မဟုတ်။ အထူးသဖြင့် ကျွန်တော် ကလေးဘဝကထဲက တယုတယ ချစ်ခဲ့မိသော သစ်လှတော။

သစ်လှတောကို တောဟု မထင်။ ဆွေမျိုးရင်းချာပမာ ကျွန်တော် ခင်တွယ်သည်။ နောင်အရှည်ကို မျှော်မကြည့်ဘဲ လတ်တလော အကျိုးခံစားခွင့် ကလေးသာ မြင်နိုင်ရှာသည့် ကျွန်တော်တို့အရပ်သားများကို စိတ်ဆိုးရမည်မှန်သော်လည်း အသေအချာ စဉ်းစားလိုက်သောအခါ မသိ နားမလည်နိုင်ရှာသော သူတို့ အဖြစ်ကို ကျွန်တော် သနားမိသည်။ အကြောင်းမူ ကျွန်တော်တို့ အရပ်တွင် ထင်းနှင့် ကင်း၍ အသက်မွေးမှု မဖြစ်နိုင်သောကြောင့်တည်း။

"ကဲ ကျုပ် ပြန်အုံးမယ်"

ဦးရွှေနီက နှုတ်ဆက်မှ သတိရ၏။

“ဟုတ်ကဲ့ ဦးရွှေနီရေ သွားပေဦးတော့။ ဘလည်း ပြောပါ အမြန်ဆုံး လာနိုင်အောင် ကြိုးစားပါ့မယ်လို့”

ဦးရွှေနီတို့ ရုံးခန်းထဲမှ ထွက်သွားသောအခါ ရှေးမူမပျက်သေးသော ဦးရွှေနီကို ငေး၍ ကြည့်နေမိသည်။ ထိုကမှ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ တစ်ယောက်ယောက် သေဆုံးသွားသူတို့ အဖို့တွင် မသေစေချင်သောစိတ် ပြင်းထန်သည့်အလျောက် နောက်တစ်နေ့ တစ်နေ့ရာရာ၌ တွေ့လိမ့်နိုး ထင်ကြည့်မိသလို ကျွန်တော်လည်း အညာကိုပြန်လျှင် သစ်လှတောကို မြင်ရတွေ့ရနိုး ထင်၍ ကြည့်မိပေသည်။

သို့သော်. . .

“လူ့လောကတွင် ကျွန်တော် အချစ်ဆုံးသော ဘအိုမှာ အသက် ၇၅ နှစ်သို့ တိုင်ခဲ့၍ အိုမင်း ရင့်ရော်နေပေပြီ”

တိုင်းပြည် မြို့ရွာထဲဝယ် ကျွန်တော်အချစ်ဆုံး ဒေသဖြစ်သော ဇာတိ တက်မရွာကလေးသည်လည်း ခေတ်ပြောင်းသည်နှင့်အမျှ ပြာပုံဘဝရောက်၊ ရွာသိမ်ရွာငယ်ဖြစ်နှင့် ဘဝပေါင်းစုံ ကြုံတွေ့ ပြောင်းလဲနေလေပြီ။

ရေ၊ မြေ၊ တော၊ တောင်တို့တွင် ကျွန်တော် အချစ်ဆုံးသော “သစ်လှတော” ကား ဘဝတစ်ပါးသို့ ပြောင်းကြ ကွယ်လွန်သွားရှာလေပြီတည်း။ ။

ရသစာစဉ်
၁



# သိပ္ပံမောင်ဝ

## ရွာ့ကျက်သရေ နှင့် အခြားဝတ္ထုတိုများ

ရသစာစဉ် ၂



ဇော်ဂျီ

ပုဂံဈေး နှင့်

အခြားဝတ္ထုတိုများ

ရ
သ
စာ
စဉ်
၃




# မင်းသုဝဏ်

## သားသက်ဝေ နှင့်
## အခြားဝတ္ထုတိုများ

ရ
သ
စာ
စဉ်
၄



# သိန်းဖေမြင့်

## အစွမ်းကုန်သန့်ရှင်းရေး နှင့်
## အခြားဝတ္ထုတိုများ